ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (29-1-2007) (၅၂၁၇)

ပြည်ထောင်စု မြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာ၌ ထည်ထည်ဝါဝါ၊ သိက္ခာရှိရှိ အစွန့်ရှည်စွာ ရပ်တည်နိုင်အောင် ကြိုးစားရေးသည် ယနေ့ မျက်မှောက် မြန်မာနိုင်ငံသားများ၏ မြင့်မြတ်သည့် တာဝန်ဖြစ်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထား ဝန်ထမ်းများ ပုံညာတောင် ဥမင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကျော-ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင် ဖွင့်ပွဲအခမ်းအနား ကျင်းပ

မြေပြန့်ဒေသ မုံရွာမှစတင်၍ ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သော ကလေးမြို့အထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်းသွားလာနိုင်မည့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးဖြစ်

မြန်မာနိုင်ငံ၏ အရှည်ဆုံး ရထားဥမင်လိုဏ်ဖြစ်သော ပုံညာတောင်ဥမင်လိုဏ်ကို သဘာဝအခက်အခဲ များစွာရှိခဲ့သော်လည်း ယနေ့ အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ် တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျော-ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကျောကျေးရွာရှိ ကျောဘူတာ ဥပစာရှေ့ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ပုံညာတောင်ဥမင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၉-၁-၂၀၀၇
(တနင်္လာနေ့)

အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ ပြည်နယ်နှင့်တိုင်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်း

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အတွက် အလေးထားဖော်ဆောင် မြှင့်တင်ပေးလျက်ရှိသည်။ တစ်နည်းအားဖြင့် ပညာရေးကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမြှင့်တင်ပေးနေခြင်းပင်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသအလိုက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွက်လာစေရေးနှင့် ပညာသင်ကြားမှု အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရေးအတွက် နိုင်ငံတော်၏ အချက်အချာဒေသများတွင် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်ကာ ဒေသတိုင်း၌ တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခုနှင့် ကွန်ပျူတာကောလိပ်တစ်ခုစီကို တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့ စသည့်မြို့ကြီးများတွင်သာ အဆင့်မြင့်ပညာများကို ဆည်းပူးသင်ကြားခဲ့ရသည့် အခြေအနေမှ ဒေသအလိုက် အဆင့်မြင့်ပညာနှင့် ဘွဲ့လွန်အဆင့်မြင့်ပညာများ လက်လှမ်းတမီ လွယ်လွယ်ကူကူ သင်ယူနိုင်ရေးအတွက် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှစတင်ကာ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုတွင်ရှိသည့် ကောလိပ်အားလုံးကို တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။

ထို့ကြောင့် အဆင့်မြင့်ပညာ သင်ယူမှုအခွင့်အလမ်းများသည် ပြည်နယ်နှင့်တိုင်း မြို့ကြီးများအထိသာ မကတော့ဘဲ အခြားအချက်အချာကျသည့် ဒေသများအထိပါ ရောက်ရှိသွားပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖော်ဆောင်မှုနှင့်အတူ လိုက်လျောညီထွေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသော အခြေခံလိုအပ်ချက်များအား ကဏ္ဍအလိုက်၊ ဒေသအလိုက် အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းပေးလျက်ရှိနေသည်။

သို့ဖြစ်၍ အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ နိုင်ငံအနှံ့ ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ရာ ပညာရေးကဏ္ဍမှ နိုင်ငံတော်သစ်အတွက် အဓိကလိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောတိုက် ကျွန်းကလေးကျောင်း ပဓာန နာယကဆရာတော်ဦးဓမ္မိက၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယနေ့မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငမိုးရိပ်တံတား(ကမာကြည်)တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဟန်စိုးတို့က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်း

ထို့နောက် တိုင်းမှူးက တံတားကြီးဆောလျင်စွာ တည်ဆောက်ပြီးစီးပါက ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့ခြင်း အကျိုးကျေးဇူးကို စောစီးစွာခံစားကြရမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူပြုသဖြင့် လုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ငမိုးရိပ်တံတား (ကမာကြည်)ပေါ်မှ ဖြတ်သန်း၍ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် တံတားတစ်လျှောက် တစ်ဖက်တစ်ချက်မှ အရှည် ပေ ၉၇၀၊ အချင်း ၁၆ လက်မရှိ ရေပိုက်သွယ်တန်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တည်ဆောက်

ငမိုးရိပ်တံတား (ကမာကြည်)သည် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် အရှည်ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ၆ ပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ် အမြင့် ၁၁ ပေ၊ ယာဉ်လမ်းကင်းလွတ် အကျယ် ၆၅ ပေရှိပြီး ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ခံနိုင်ဝန်ရှိသော သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ အဆိုပါ တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ဆက်လက်၍တိုင်းမှူးသည်သာကေတမြို့နယ် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှတ်(၃)မြစ်ထွက်ပေါက်သို့ စီးဝင်သည့်ရေမြောင်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် အမှတ် (၄/မြောက်)ရပ်ကွက်၌ ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟင်းသီးဟင်းရွက်များတွင် ဓာတုဗေဒပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟင်းသီးဟင်းရွက်များတွင် ဓာတုဗေဒပစ္စည်းများအန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာဈေး ဈေးတာဝန်ခံ ရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ စိုးတင့်က ပိုးသတ်ဆေးနှင့် ဓာတုပစ္စည်းများ အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်စောရီက ပိုးသတ်ဆေးနှင့် ဓာတုဗေဒပစ္စည်းများ အသုံးပြုခဲ့သည့် ဟင်းသီးဟင်းရွက်နှင့်ငါးခြောက်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အန္တရာယ်နှင့် ရောဂါဖြစ်ပွားမှုကိုလည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာအောင်သန်းက ပိုးသတ်ဆေးနှင့်ဓာတုဗေဒပစ္စည်းများ အန္တရာယ်ကင်းရှင်းသော ဟင်းသီးဟင်းရွက်များနှင့် အစားအသောက်များ ရောင်းချနိုင်ရေး အမှုအကျင့်အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် နေ့စဉ်ရောင်းချလျက်ရှိသော ကုန်စိမ်း၊ ဟင်းသီးဟင်းရွက်များကို နမူနာကောက်ယူ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ရှိ၊ မရှိ အန္တရာယ်ကင်းရှင်းရေးကို ဓာတ်ခွဲစစ်ဆေးရန် ပေးပို့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အမက(၂၈) ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ (၅)နှစ်ဆက်တိုက် ပထမဆုရရှိသော မောင်သူရိန်မြင့်သိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟိုတုန်းကနဲ့ မတူပါတယ်

မြင့်စိုး(နတလ)

(၁)

ငယ်စဉ်က မွေးရပ်မြေရွာနှင့် ရန်ကုန်မြို့ကို လမ်းကြောင်းအမျိုးမျိုးဖြင့် သွားချည်ပြန်လှည့် လုပ်ခဲ့ဖူးသည်။ ရွာမှ နံနက်ဝေလီဝေလင်းထွက်သော ကူးတို့လှေဖြင့် လှော်ကထား၊ မိုးကုတ်၊ အင်းလွတ်၊ ကညင်ဆယ်၊ ရိုးကြီးစသည့် ရွာများသို့ဖြတ်ကာ ချောင်းရိုးအတိုင်းသွားရင်း ဝေန်မြစ်အတွင်း ဖောက်ဝင်၍အိုင်သပြုသို့ရောက်သည်။ အိုင်သပြုသည် ဝေန်မြစ် ကမ်းနဖူးပေါ်မေးတင်ထားသော၊ ထိုစဉ်က ဟင်္သာတသို့ သွားရာလမ်းခရီးအစလည်းဖြစ်သော ရွာမက မြို့မကျ ရွာကြီးတစ်ရွာ။ အိုင်သပြုမှ အစောဆုံးထွက်သော ခေါင်ကားကို အလုအယက်တက်စီးပြီး ဟင်္သာတမြို့သို့ရောက်၊ ယင်းနောက် သာရဝေါဆိပ်ကမ်းသို့ ကမန်းကတန်းကူး၊ ရထားလက်မှတ်တန်းစီ၊ ထိုမှမွန်းလွဲ ၁ နာရီခန့်ထွက်သော မီးရထားဖြင့် ရန်ကုန်သို့ ချီတက်ခဲ့ရာ ညဥ့်ဦးမိုးမချုပ်တချုပ်တွင် ကြည့်မြင်တိုင်ဘူတာ၌ ခရီးဆုံး၏။ ဒါက မိုးတွင်းချိန်ခါ ရေလမ်းသင့်ချိန်ဖြစ်သည်။

နွေမှာကား ဤသို့မဟုတ်၊ ရွာမှ အိုင်သပြုသို့ ရေလမ်းမပေါက်တော့၍ လေးမျက်နှာသို့ တစ်ညကြိုတင်သွားအိပ်ပြီး၊ နောက်နေ့နံနက်တွင်မှ မော်တော်ဘုတ်စီးကာ အိုင်သပြုသို့ သွားရသည်။ ကျန်ခရီးစဉ်ကတော့ ယခင်အတိုင်းပင်။ ငယ်တုန်းရွယ်တုန်းမို့ ခြေကျင်တစ်တန် လှေတစ်တန်၊ ရထားတစ်တန် ကားတစ်တန်၊ အဆင့်ဆင့်စီးနင်းသွားလာရသည်များ၊ နေပူကျဲကျဲမှာ သာရဝေါသောင်ပြင်ကြီးပေါ်ဖြတ်၍ အပြေးတစ်ပိုင်း ခရီးနှင်ရသည်များသည်ပင်လျှင် ပျော်စရာတစ်မျိုးဖြစ်ခဲ့သည်။ ထိုမှ ပုသိမ်-မုံရွာ လမ်းမကြီးက ရွာအနောက်ခြမ်းမှာ စင်းစင်းကြီး ပေါ်လာသောအခါ သွားရေးလာရေး၊ ရောင်းရေးဝယ်တာတွေ အများကြီးပြောင်းလဲသွားသည်။ ကွင်းကောက်မှ ထွက်လာသောကားများကို စောင့်စီးပြီး ငါးသိုင်းချောင်း၊ ရေကြည်-အသုတ်-ကျောင်းကုန်း-ညောင်တုန်းလမ်းအတိုင်း ရန်ကုန်သို့ရောက်သည်။ ယခင်ကထက် အဆပေါင်းများစွာ မြန်ဆန်၍ မိုင်ပေါင်းများစွာ မြေကြောရှုံ့သွားသည်။ သို့သော် ထိုအချိန်က ဗိုလ်မြတ်ထွန်းတံတားကြီး မရှိသေး၍ ဧရာဝတီမြစ်ကို ဇက်ဖြင့်ဖြတ်ကူးရသည်မှာ အချိန်အလွန်ကြာသည်။

(၂)

ဗိုလ်မြတ်ထွန်းတံတားကြီး ပေါ်ပေါက်လာသောအခါ မွေးရပ်မြေအပါအဝင် ဝေန်အနောက်ခြမ်း တစ်ခုလုံး သွားလမ်းသာ၍ လာလမ်းသင့်ခဲ့သည်။ ရွာနီးချုပ်စပ်မှာ တတ်နိုင်သူတွေက ကားဝယ်၍ လိုင်းဝင်ဆွဲကြသည်။ ရန်ကုန်အထိ မသွားရင်သာရှိမည်။ တောင်သို့လားသော် ငါးသိုင်းချောင်း၊ မြောက်သို့လားသော် ကွင်းကောက်စသည့် မြို့များကိုမူ အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာခဲ့ကြသည်။ ကျွန်တော်တို့ ဒေသမှာ ထူးထူးဆန်းဆန်း ခွေးကုပ်ဟု ခေါ်တွင်နေသော ထော်လာဂျီများကလည်း ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်၌ တဖုန်းဖုန်းပြေးဆွဲနေကြသည်။ ဧရာဝတီတိုင်းနှင့် အနောက်ရိုးမတစ်ခုသာ ခြားနားနေသည့် ရခိုင်ပြည်နယ်ဘက်မှာ ကားလမ်းတွေ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးတွေ ဟောတစ်ခု၊ ဟောတစ်စင်း ပေါ်လာပြီးနောက် ငါးသိုင်းချောင်း-ဂွလမ်းသည် ရခိုင်ပြည်နယ်ကို ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ဆက်စပ်ပေးရာ လမ်းတစ်သွယ်ဖြစ်လာခဲ့သည်။ တစ်နည်းဆိုရသော် ရခိုင်ပြည်နယ်အတွင်းသို့ ကုန်စည်စီးဆင်းရာ ဝင်ပေါက်တစ်ခုပင်တည်း။

ဤမျှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့နေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မွေးရပ်မြေရွာသို့ ပြန်မရောက်သည်မှာ နှစ်အတန်ကြာပြီဖြစ်သည်။ ဧရာဝတီတိုင်း၏ အထင်ကရ ဗိုလ်မြတ်ထွန်းတံတားကြီးပေါ်သို့ မနေ့တစ်နေ့ကမှ ဖြတ်ဖူး၊ ရောက်ဖူးခြင်းသည်ပင်လျှင် အလွန်အားနာစရာ ကောင်းနေပေပြီ။ ရန်ကုန်မှ ကျောင်းကုန်းလမ်းခွဲအထိ ကားလမ်းမှာ နိုင်လွန်ကတ္တရာလမ်းဖြစ်၍ မောင်းနှင်လာသော ကားကလေးက တရိပ်ရိပ် ပြေးနေသည်။ ကျောင်းကုန်းနှင့်အသုတ်ကြား လမ်းတွေပြင်နေသည်။ အသုတ်-ရေကြည် - ငါးသိုင်းချောင်း လမ်းအခြေအနေမှာမူ ယခင်အတိုင်း မပြောင်းလဲပေ။ ပြောင်းလဲသွားသည်က ငါးသိုင်းချောင်းနှင့် ရွာအကြားလမ်းခရီးဖြစ်သည်။ လမ်းက ကျောက်ခင်းလမ်းဆိုသော်ငြား ညီညာပြန့်ပြူးသည်။ ကျင်း၊ ချိုင့်၊ ကမူဟူ၍ တစ်ခုတစ်လေမျှပင်မရှိ။ ကားလမ်းတစ်လျှောက် ယခင်သစ်သား တံတားဟောင်းများနေရာ၌ အခိုင်အမာ ကွန်ကရစ်တံတားတွေက နေရာယူထားပေပြီ။

သစ်သားတံတားများရှိစဉ်က ခနော်ခနဲ့နှင့် ကားဖြတ်ကူးရန် စိတ်မချရသောကြောင့် ရှောင်၍၊ ကွင်း၍ သွားရသည်။ အချို့နေရာများ၌ ခရီးသည်များ ကားပေါ်က ဆင်းပေးရသည်။ အချိန်ဖင့်နွှဲ၏။ ငါးသိုင်းချောင်းနှင့် မိမိတို့ရွာ အနောက်ဘက်တည့်တည့်က စောပြာရွာအကြား ကိုးမိုင်ခန့်ခရီးလေးမှာပင် တံတားကြီးငယ် ၁၄ စင်းခန့် အသစ်တည်ဆောက်ထားပြီးဖြစ်သည်။

ကားလမ်းနံဘေး တောင်ခြေတစ်လျှောက် နှစ်ရှည်သီဟိုဠ်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရှိရ၍ စူးစမ်းမေးမြန်းကြည့်ရာ စုစုပေါင်း ဧက ၂၀၀၀ ခန့်ရှိကြောင်း၊ အချို့စိုက်ခင်းများမှာ ဝင်ငွေရနေပြီဖြစ်ကြောင်း၊ ချင်းလယ်နှင့် လဲကုန်းကြီးတောင်ကြောများ၌ ရော်ဘာစမ်းသပ်စိုက်ခင်းများပင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သူငယ်ချင်းဖြစ်သူ ဦးဆင့်ဝင်းက ရှင်းပြသည်။ ချင်းလယ်၊ လဲကုန်းကြီးရွာတစ်ဝိုက်သည် ကျွန်တော်တို့ ငယ်စဉ်က တပ်မတော်နှင့် ဗကပတို့ မကြာခဏ တိုက်ပွဲဖြစ်ပွားရာ အရပ်ဒေသဖြစ်ခဲ့သည်။ ကားလမ်းနံဘေးစောပြာရွာတွင် တယ်လီဖုန်းရှိနေပြီဖြစ်၍ သားဖြစ်သူက သူ့အဘွားထံ ဖုန်းဆက်သည်။

(၃)

ဧရာဝတီတိုင်း၊လေးမျက်နှာမြို့နယ်အတွင်းအနောက်ရိုးမတောင်ခြေနှင့် ခပ်လှမ်းလှမ်းတွင် တည်ရှိနေသော လှော်ကထား အခြေခံပညာအထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အကြောင်းပြု၍ ကျွန်တော် ရွာသို့ ပြန်ရောက် ခဲ့ရခြင်း ဖြစ်သည်။ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးကြင်မောင်၏ ဩဝါဒစကားများကို နာယူမှတ်သားရင်း၊ မငြိမ်းချမ်းသေးသော ၁၉၆၆-၆၇ အချိန်ကာလက အလယ်တန်း

ကျောင်းကြီးတစ်ကျောင်း ခံ့ခံ့ထည်ထည်ပေါ်ပေါက်လာအောင် ဆရာ၊ မိဘ၊ ကျောင်းသားတက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပုံများကို ပြန်လည်မြင်ယောင်မိ၏။

စပါးရိတ်သိမ်းအပြီး မတ်ပဲခင်းများနှင့် စိမ်းလန်းဝေဆာလျက် တွေ့ရစဉ်။

ထို့အပြင် ကျွန်တော်၏ အတွေးအာရုံ၌ ကျောင်းရှေ့လမ်းမှ ဖြတ်သန်းသွားသော တပ်မတော်စစ်ကြောင်းများကိုလည်းကောင်း၊ စိန်တောင်၊ လှော်ကထားနှင့် စမ်းကြီး ရွာသုံးရွာအကြား အခိုင်အမာဆောက်လုပ်ထားသည့် ရိက္ခာစုဂိုဒေါင်များနှင့် တပ်စခန်းနေရာများကိုလည်းကောင်း၊ ရွာပတ်ပတ်လည် ကာရံထားသည့် သုံးထပ်ခြံစည်းရိုးများနှင့် ဩောင့်ကျင်းများကိုလည်းကောင်း၊ တစ်ရွာလုံး ပွက်ပွက်ညံသွားသည့် ကုလားတက်ခေါက်သံများကိုလည်းကောင်း၊ မကြာမကြာ ကြားရသည့် သေနတ်သံများကိုလည်းကောင်း၊ တစ်အိမ်တစ်ယောက်လိုက်ပါရသည့် လက်ဆင့်ကမ်းပိတ်ဆို့ရေးများကိုလည်းကောင်း တရေးရေးပြန်လည်မြင်ယောင်မိသည်။

ရွာအနောက်ဘက်ဆီက ဖြောင့်ဖြောင့် တန်းတန်း ပုသိမ်-မုံရွာကားလမ်းမြင်ကွင်း။

ဆရာကြီး၏ ဩဝါဒစကားများထဲမှ ထိုစဉ်က ကျောင်းကို ဆောက်လုပ်ပေးခဲ့သော လက်သမားဆရာကြီး ဦးငွေအေး၏ စေတနာကြီးမားပုံကို အံ့အားသင့်ဖွယ် ကြားသိလိုက်ရသည်-

"ဒီကျောင်းကြီးကို လက်သမားဆရာကြီး ဦးငွေအေးက ငွေနှစ်ထောင့်လေးရာကျပ်ပဲ အဖိုးအခယူပြီး ဆောက်ပေးသွားတာပါ၊ ခုလိုမဖြစ်စလောက်ငွေလေးပဲယူပြီး ဆောက်ပေးတဲ့အကြောင်းရင်းကို ကျွန်တော်က မေးတော့ သူဟာ စာမသင်ခဲ့ရပါဘူးတဲ့၊ ၁၉၅၇ ခုနှစ်လောက်တုန်းက စိန်တောင်-လှော်ကထား ဒေသတစ်ခုလုံးမှာ ပညာတတ်တဲ့သူဆိုလို့ မြန်မာ-အင်္ဂလိပ် ကိုးတန်းအောင်ခဲ့တဲ့ ကိုမြမောင်တစ်ဦးပဲရှိတယ်၊ ကျွန်တော့်လို စာမတတ်သူတွေနည်းပါးပြီး ကိုမြမောင်လို ထွန်းထွန်းပေါက်ပေါက် ကလေးတွေ ပေါ်များလာအောင် ဒီကျောင်းကို စေတနာရှေ့ထား ဆောက်ပေးခဲ့တာပါလို့ သူကဖြေတယ်"

ကွယ်လွန်သွားပြီးဖြစ်သော ဘကြီးငွေအေး၏ ဆန္ဒများပြည့်ဝသည်ဟု ဆိုရလောက်အောင်ပင် ယနေ့အချိန်အခါ၌ ကျွန်တော်တို့ရပ်ရွာ၊ ကျွန်တော်တို့ ဒေသမှာ ဘွဲ့ရပညာတတ်များစွာ ရှိနေပေပြီ။

(၄)

ယခုတစ်ခေါက် မွေးရပ်မြေခရီးသည် စိတ်ချမ်းမြေ့ဖွယ် ဖြစ်ခဲ့သည်။ လယ်တွေအထွက်ကောင်း၍ စပါးတောင်လိုပုံခဲ့ကြသည်။ စပါးများ ရိတ်သိမ်းပြီးတော့လည်း ရွာပတ်ဝန်းကျင်တစ်ခွင်တစ်ပြင် မတ်ပဲခင်းများဖြင့် စိမ်းညို့လို့နေပြန်သည်။ လယ်မှထွက်သော စပါးခွံလောင်စာစွမ်းအင်ကိုသုံး၍ ကျေးရွာနှစ်ရွာ၌ လမ်းမီး၊ အိမ်မီးများအပြင် ဘုရားကျောင်းကန် စေတီပုထိုးများပါ လျှပ်စစ်မီးဖြင့် ထိန်ထိန်ညီးနေသည်။ DVD/ VCD ကာရာအိုကေစက်များသည်ပင် ရွာနှင့်မစိမ်းတော့။ လယ်ထွက်ကိုင်းထွက်ကောင်းကြ၍လားမသိ၊ မော်တော်ဆိုင်ကယ်လေးများက ဟိုရွာမှသည်ရွာ လူးလာခတ်နေကြသည်။ ယာဉ်အမျိုးမျိုး လမ်းအသွယ်သွယ်ဖြင့် ရန်ကုန်၊ ပုသိမ်၊ ဟင်္သာတမြို့များသို့ ဥဒဟိုသွားလာနိုင်ပြီဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ပူပင်ကြောင့်ကြစရာ မလိုတော့။ ဧရာဝတီတိုင်းအတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော ကျေးလက်လူမှု ဖွံ့ဖြိုးရေးစီမံကိန်း(ICDP)ကြောင့် ရေတွင်းရေကန်များ သန့်ရှင်းခဲ့သည်။ စံပြရေလောင်းအိမ်သာကလေးများ ပေါ်ပေါက်လာခဲ့သည်။ ဤသည်တို့ကား တောင်ခြေတောဖျားဒေသများပါမကျန် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဝင်ရောက်နေပြီဖြစ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၏ ပုံရိပ်များပင်တည်း။

ကျွန်တော်တို့အရပ်ဒေသသည်-

တစ်ချိန်က ငြိမ်းငြိမ်းချမ်းချမ်းမရှိခဲ့၊ တိုက်ပွဲတွေဖြစ်၊ လူတွေသေကျေပျက်စီး၊ ရွာတွေဟိုရွှေ့ဒီပြောင်း၊ နှစ်ပေါင်းများစွာ ပြေးပြေးလွှားလွှားနှင့် အသက်ရှင်နေထိုင် လှုပ်ရှားခဲ့ကြရသည်။ KNDO နှင့် ဗကပတို့၏ ဒဏ်ကို အလူးအလဲခံစားခဲ့ကြရသည်။ ထိုမှ ၁၉၇၂ ခုနှစ်တွင် ဧရာဝတီတိုင်းတစ်ခုလုံး အဖြူရောင်နယ်မြေ ဖြစ်ပြီး တည်ငြိမ်အေးချမ်းခဲ့သည်။

ကျွန်တော်တို့အရပ်ဒေသသည်-

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့။ ယနေ့အချိန်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်နှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသည့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကြောင့် ကျေးရွာချင်းဆက် လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ အလျှိုအလျှို ပေါ်ပေါက်လာပြီး လုံခြုံချောမွေ့စွာ ရောင်းဝယ်ဖောက်ကား ကူးသန်းသွားလာနိုင်ခဲ့ကြပြီဖြစ်သည်။

ကျွန်တော်တို့အရပ်ဒေသသည်-

ယနေ့အချိန်အခါ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရုံမျှမက ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတွင်လည်း ပြောင်းလဲတိုးတက်ခဲ့ပြီ။ ရွာတိုင်းနီးပါး မူလတန်းကျောင်းရှိသည်။ အိမ်တိုင်းနီးပါး ဘွဲ့ရပညာတတ်တွေ ရှိနေပေပြီ။ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ကျေးလက်ကျန်းမာရေးဌာနရှိသကဲ့သို့ မြို့ကြီးမြို့ငယ်များနှင့်လည်း အလှမ်းမဝေးတော့ပြီ။ မြန်မာပြည်အရပ်ရပ်သို့ ဆက်သွယ်ရန်အတွက်လည်း မပူရတော့ပြီ။

ဤကဲ့သို့ တစ်စတစ်စ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခြင်းသည် နယ်မြေဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းခြင်းကို ဖော်ညွှန်းနေသည့် နိမိတ်ပုံ။ မိမိတို့မိသားစုဘဝ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် အတွေးအမြင် ရိုးရှင်းစွာ ကျင့်ကြံအားထုတ် လုပ်ကိုင်လိုသော ကျေးလက်ပြည်သူများ၏ ဆန္ဒအမှန်ကိုလည်း ထင်ဟပ်ပေါ်လွင်စေသော ကြေးမုံပြင်။ မည်သို့ဆိုစေ ကျွန်တော့်မွေးရပ်မြေသည် အရင်တုန်းကနှင့် မတူတော့သည်မှာ အမှန်ပင်။ ။

အီရန်ကိုတိုက်မည့်ကိစ္စ အမေရိကန်၏ အိပ်မက်သာဖြစ် သမ္မတ အာမက်ဒီနဲရတ် ဝေဖန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၂၇

အမေရိကန်က အီရန်နိုင်ငံကို တိုက်ခိုက်မည်ဟု မိမိအနေဖြင့် မထင်မြင်မိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းသို့တိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စုရှိ ဆင်ခြင်တုံတရားရှိသည့် ပြည်သူအများစုက ခွင့်ပြုမည်မဟုတ်သောကြောင့်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနဲရတ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အီရန်နှင့်အမေရိကန်နှစ်နိုင်ငံသည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မသင့်မမြတ်ဖြစ်လျက်ရှိသည်။

အမေရိကန်က အဆိုပါနျူကလီးယားပြဿနာနှင့် စပ်လျဉ်း၍ သံတမန်နည်းဖြင့် ဖြေရှင်းလိုစိတ်ရှိသည်ဟု ပြောကြားသည်။ သို့ရာတွင် ယင်းသို့ဖြေရှင်း၍မရခဲ့ပါက အီရန်ကို တိုက်ခိုက်မည် ဟူသော ကိစ္စကိုလည်းပယ်ချခြင်းမရှိဟု ဆိုသည်။

အမေရိကန်ကဒုတိယမြောက်လေယာဉ်တင် သင်္ဘောတစ်စင်းကိုပင်လယ်ကွေ့ဒေသသို့ စေလွှတ်ထားရာ ယင်းလုပ်ရပ်သည်အီရန်အားသတိပေးသည့်လက္ခဏာတစ်ရပ်ဟု ပိုင်းခြားလေ့လာသူများက ထင်မြင်နေကြသည်။ အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ယင်းလုပ်ရပ်သည် ဒေသတွင်းတွင် အဟန့်အတားဖြစ်စေရန်နှင့် တိုက်ခိုက်မှုစွမ်းရည်မြင့်မားစေရန် ဆောင်ရွက်မှုဖြစ်သည်ဟုပြောကြားသည်။

အီရန်နိုင်ငံကို တိုက်ခိုက်မည့်ကိစ္စသည်အမေရိကန်၏ အိပ်မက်တစ်ခုသာဖြစ်ကြောင်း၊ သမ္မတဘုရှ်သည် ၎င်း၏ အခက်အခဲများကို ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ပြဿနာတစ်ရပ်ကိုဖန်တီးလိုစိတ် ရှိနေကြောင်း အီရန်သမ္မတက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အထည်ချုပ်စက်ရုံ တစ်ရုံတွင် အလုပ်သမများ ပြည်ပ ပို့ကုန်အထည်များ ချုပ်လုပ်နေကြသည်ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ပြင်တွင် ရဟတ်ယာဉ်ပျက်ကျ အမေရိကန်စစ်ဘက်အရာရှိများအပါအဝင် ၁၂ ဦးသေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အပြင်ဘက်၌ ရဟတ်ယာဉ်တစ်စင်း စနေနေ့က ပျက်ကျခဲ့ရာ သေဆုံးသူများတွင် အဆင့်မြင့်တပ်ဖွဲ့ဝင် ၁၁ ဦးနှင့် အမေရိကန်တပ်ဖွဲ့၏ ဆေးဘက်ဆိုင်ရာ အကြီးအကဲဖြစ်သူ တစ်ဦးပါဝင်ခဲ့ကြောင်းကန်စစ်ဌာနချုပ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၎င်းသည် အသက် ၄၆ နှစ်ရှိ ဗိုလ်မှူးကြီး ဘရိုင်ယန်ဘောရွတ်ဖြစ်ပြီး အရိုးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်ကာ အီရတ် ဆေးဘက်ဆိုင်ရာဌာနတွင် အမှုထမ်းနေသူတစ်ဦးဖြစ်သည်။

၎င်းနှင့်တိုက်ခိုက်ရေးအထောက်အကူပြုတပ်ဖွဲ့မှ အရာရှိ ၁၁ဦးတို့ စီးနင်းလာသော ရဟတ်ယာဉ် ပျက်ကျခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ သို့ရာတွင် ရဟတ်ယာဉ်ပျက်ကျစဉ်က ၎င်းတို့အဖွဲ့ လုပ်ဆောင်နေသော လုပ်ငန်းစဉ်ကို အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကြည်းတပ်မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ၎င်းတို့ ၁၂ ဦးသည် အဘယ်ကြောင့် အတူတကွ ရဟတ်ယာဉ်စီးလာသည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ၎င်းအုပ်စုတွင် ဗိုလ်မှူးကြီးနှစ်ဦး၊ ဒုတိယဗိုလ်မှူးကြီးတစ်ဦး၊ ဗိုလ်မှူးတစ်ဦးနှင့် ဗိုလ်ကြီးတစ်ဦးတို့လည်း ပါဝင်သည်။

ရဟတ်ယာဉ်ပျက်ကျသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲရှိသည်။ စီအင်န်အင်န်သတင်းဌာနကမူ ယင်းရဟတ်ယာဉ်သည် ဒုံးကျည်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်သည်ဟု ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားတွင် လောင်စာဆီတင်ရထားတိမ်းမှောက် ရေနံယိုဖိတ်ပြီး ရထားလမ်းပျက်စီး

မော်စကို ဇန်နဝါရီ ၂၇

ရုရှားနိုင်ငံတောင်ပိုင်း ဒေသတွင် လောင်စာဆီများ တင်ဆောင်လာသောကုန်ရထားတစ်စီးလမ်းချော်တိမ်းမှောက်သွားရာ သုည ဒသမ ၆ စတုရန်းမိုင်အကျယ်ရှိ မြေဧရိယာပေါ်၌ ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် ရထားလမ်းနှင့် ဓာတ်အားလိုင်း အချို့လည်း ပျက်စီးသွားကြောင်း သိရသည်။ ရထားလမ်းအရှည်မီတာ ၅၀၀ နှင့် ဓာတ်အားလိုင်းအရှည်မီတာ ၅၀၀ တို့ ပျက်စီးခဲ့ရသည့်အတွက် လူစီးရထားအပါအဝင် ရထားအားလုံးကို လမ်းလွှဲမှ စီစဉ်ပြေးဆွဲနေရကြောင်း ဗစ်တာ ဘယ်လ်စတောဗ်က ပြောကြားသည်။

အဆိုပါ မတော်တဆမှုသည် စိုက်ပျိုးရေးဒေသဖြစ်သော အော်ရင်ဘတ်ဒေသ ဆာမာရာမြို့နှင့် ဦဖာမြို့တို့အကြား၌ ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် သေကျေထိခိုက်ဒဏ်ရာရသူ တစ်စုံတစ်ရာမရှိဟုဆိုသည်။

ဤရေနံယိုဖိတ်မှုကြောင့် ဒေသတွင်း၌ ရေထုညစ်ညမ်းမှု ဖြစ်ပွားခြင်းလည်း မရှိကြောင်းသိရပြီး အဘယ်ကြောင့်ဖြစ်ပွားရသည်ကို မသိရပေ။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီနိုင်ငံ ရန်နာရှေ့မြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသည့်သစ်ပင်များအား ရှင်းလင်းနေသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေတိုးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အာဖဂန်အရပ်သားတစ်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၂၇

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့ဝင်များကြောင့် အရပ်သားတစ်ဦး အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့နံနက်က သေဆုံးခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ရပ်ဆိုင်းသွား

နေတိုးတပ်ဖွဲ့ဝင်အချို့သည်ဟယ်မန်ပြည်နယ် ဂျာရက်ခရိုင်တွင် ပုံမှန်ကင်းလှည့်နေရာမှ မော်တော်ယာဉ်ရပ်ဆိုင်းသွားခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါမော်တော်ယာဉ်သည် လမ်းပေါ်ချထားသည့် အတားအဆီးကို အရှိန်ပြင်းစွာဖြင့် ဝင်တိုက်မိသည်ဟု ကြေညာချက်တွင် ပါရှိသည်။

မော်တော်ယာဉ်ရပ်ရန် လက်ပြထားသော်ငြားလည်း မော်တော်ယာဉ်က ရပ်ဆိုင်းခြင်း မရှိသဖြင့် သတိပေးသည့်အနေဖြင့် မြေပြင်သို့ သေနတ်ဖြင့် ပစ်ခတ်သည်ဟုဆိုသည်။

ထိမှန်

သို့သော်လည်း အနီးအနားမှ ဖြတ်သန်းသွားသူ အရပ်သားတစ်ဦးကို သေနတ်ထိမှန်ခဲ့ပြီး နေတိုး စစ်ဘက်ဆေးကုသသည့်အဖွဲ့က ကုသပေးခဲ့ကြောင်း၊ သို့ရာတွင် ၎င်းအရပ် သားမှာ သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်တွင်နေတိုးတပ်ဖွဲ့ဝင်များကြောင့် အရပ်သားများ မကြာခဏ သေဆုံးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခြေထောက်ချောင်း ၁၁ ချောင်းကို မျိုခဲ့သည့် ၂၃ပေရှည် စပါးအုံးမြွေကြီး ဖမ်းဆီးရမိ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၇

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟောပြည်နယ် ပမ်ပန်းပါဂိုမြို့ရှိ သစ်သီးခြံတစ်ခြံတွင် ၇ ဒသမ ၁ မီတာ(၂၃ ပေ) အရှည်ရှိ စပါးအုံးမြွေကြီးကို ရွာသားများက တွေ့ရှိကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင်ဖော်ပြထားသည်။ အဆိုပါမြွေကြီးသည် ခြံစောင့်ခွေး ၁၁ ကောင်ထက်မနည်းကို မျိုခဲ့သည်ဟု ဆိုသည်။

ယင်းကဲ့သို့သော အလွန်ကြီးမားသည့် မြွေကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့်တုန်လှုပ်မိသည်ဟု ခြံပိုင်ရှင် ရာလီယူဆွတ်က နယူးစထရိတ်တိုင်းမ် သတင်းစာသို့ ပြောကြားသည်။ ယင်းသတင်းစာတွင် ဖမ်းမိထားသည့် မြွေကြီး၏ ဓာတ်ပုံနှင့် သတင်းကို ဖော်ပြထားသည်။ မြွေကြီးသည် တင်းနစ်ကွင်း တစ်ကွင်းခန့် အရှည်ရှိပြီး သစ်ပင်တစ်ပင်၏ လုံးပတ်မျှ ကြီးမားသည်ဟုဆိုသည်။

ရွာသားများက အဆိုပါမြွေကြီးကို အန္တရာယ်မပေးကြဘဲ တောရိုင်းတိရစ္ဆာန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသို့ ပေးအပ်ခဲ့သည်ဟု သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

မလေးရှားနိုင်ငံ ဂျိုဟောပြည်နယ်၌ ဖမ်းမိသည့် ၂၃ ပေအရှည်ရှိ စပါးအုံး မြွေကြီးတစ်ကောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထက်ကျွန်းရှိ ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက်၏ တန် ၃၅၀ ဆံ့ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်မှု အအေးခန်းစက်ရုံနှင့် ငါးအသားကြိတ်စက်ရုံသို့ရောက်ရှိပြီး ရှေးဦးစွာ ငါးအသားကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်နှင့် ထုပ်ပိုးအေးခဲပြီး ငါးအသားကြိတ် ကုန်ချောအခြေအနေ၊ ငါး၊ပုစွန်ပြုပြင်စက်ရုံ၏ ပုစွန်ကုန်ချောပြုပြင်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ကင်းမွန်၊ ပုစွန်များပြုပြင်အေးခဲ ပြီးစီးမှုအခြေအနေတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်တွင် ကျော်ကျော်ဖြိုးကုမ္ပဏီဥက္ကဋ္ဌ ဦးကျားမောင်နှင့် တာဝန်ရှိသူများက စက်ရုံလည်ပတ်နိုင်မှုစွမ်းအားနှင့် ထုတ်လုပ်မှုအခြေအနေကိုတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ မြန်အောင်ရပ် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ရောက်ရှိပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းပြုပြင် ထုတ်လုပ်သည့် အအေးခန်းစက်ရုံပိုင်ရှင်များ၊ ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ပင်လယ်ပြင် သယံဇာတများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အရည်အသွေးမီ နိုင်ငံခြားပို့ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားဈေးကွက်များတိုးတက် ရှာဖွေရေးအခြေအနေများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ငါးလုပ်ငန်းဦးစီးဌာန တနင်္သာရီတိုင်း ဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာရှိ ယူနိုက်တက် မြိတ်ကုမ္ပဏီလီမိတက်၏ ကကတစ်ငါးလှောင်အိမ်စနစ်မွေးမြူရေး စခန်းသို့ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်တွင် ယူနိုက်တက်ကေအမ်ကေ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ကျောက်ဖြာမြစ်အတွင်း လှောင်အိမ် ၃၆လုံးဖြင့် မွေးမြူထားရှိမှုနှင့် ၂၀၀၆- ၂၀၀၇ အတွက် ပိဿာချိန် ခုနစ်သောင်းကျော် ထွက်ရှိမှု အခြေအနေတင်ပြချက်အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကျောက်ဖြာမြစ်အတွင်း လှောင်အိမ်ဖြင့် မွေးမြူထားသော ကကတစ် သားပေါက်လှောင်အိမ်ကန်များ၊ အသားတိုးမွေးမြူရေး လှောင်အိမ်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုးမြှင့်ဆောင်ရွက်ရေး

ညနေပိုင်းတွင် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တို့သည် မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှု၊ ပညာရေး မြှင့်တင်မှုနှင့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်ရေးအခြေအနေများ ဆွေးနွေးမှာကြားပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးတို့၏ စည်းရုံးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တို့သည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ တိုင်း၊ ခရိုင်၊ မြို့နယ် စည်းရုံးရေးကော်မတီဝင်များအားတွေ့ဆုံကာ မြို့၊ ရွာနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်များအတွက် ကျန်းမာရေး၊ပညာရေး၊စီးပွားရေး အခြေအနေများ ကူညီဆောင်ရွက်ပေးရေးအခြေအနေများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်း ရေလုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားစဉ်။

(မွေး/ရေ)

ဆရာတော်ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက (နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော်)၏ တပည့်ဖြစ်သော နိုင်ငံကျော်ဓမ္မကထိက ဦးရေဝတ(ဝါးခယ်မ) ဆရာတော်သည် ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက် ညများတွင် ကျိုက်ထို ကျိုက်ကသာပန်းတောကျောင်း၊ ၄၊ ၅ ရက်များတွင် မအူပင်မြို့နယ် စွန်သိုက်ရွာ၊ ၆၊ ၇၊ ၈ ရက်များတွင် သာယာဝတီ သုံးဆယ်(ဖြူလေးဘုတာ)၊ ၁၀ ရက်တွင် လှိုင်သာယာ(၅)ထိပ်၊ ၁၁၊ ၁၂ ရက်တွင် လှိုင်သာယာ ကျန်စစ်သားအိမ်ရာ၊ ၁၃၊ ၁၄ ရက်များတွင် ခနောင်တိုအရှေ့ ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ၁၅ ရက်တွင် ရွှေပြည်သာပန်းခြံ(၃)၊ ၁၆ ရက်တွင် ကန်တော်ကလေးမြောက်ပိုင်း မန္တလေးလမ်းသွယ်၊ ၁၇ ရက်တွင် မြောက်ဒဂုံ (၃၂)ရပ်ကွက် ဓမ္မာရုံနှင့် ၁၈ ရက်တွင် မင်္ဂလာဒုံပန်းခြံကုန်း မိုးကုတ်ကျောင်း တရားမဏ္ဍပ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဟု သိရသည်။ (က-ပ)

စာပြန်ပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်၌ (၆၃)ကြိမ်မြောက် သဒ္ဓမ္မဓဇ အာဂမ+သဘာဝ နှစ်ဌာနစာမေးပွဲကို ဖေဖော်ဝါရီ ၃ ရက်(စနေနေ့) နံနက် ၈ နာရီမှ စတင်ဖွင့်လှစ်ပြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

သရက်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ရက် (တနင်္ဂနွေ)နေ့ နံနက် ၈နာရီတွင် သစ်လုပ်ငန်းဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်(လိပ်ကန်အနီး)ဒဂုံမြို့နယ်၌ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် သရက်မြို့နယ်သူ၊ မြို့နယ်သားများ (အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ)ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများစာရင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများ(အသင်းသားများ၏ သားသမီးများ)စာရင်းတို့ကို ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဒေါ်အေးညွန့်သွင်(ရုံး)ဖုန်း-၆၄၂၃၉၃၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း) ဖုန်း-၀၆၈-၂၁၃၇၁၊ ဦးစိုးလှမြင့် ဖုန်း-၀၆၈-၂၁၀၅၈တို့ထံ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် အလှူငွေများကိုလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၂၇ရက်က ကျင်းပသော အမက(၁၆) သဃ်န်းကျွန်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် တတိယတန်းမှ ပညာရည်ချွန်ဆုရရှိသူ မောင်ဟန်ထွန်းဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖီလိုမီနာ ဆုချီးမြှင့်စဉ်။ (က-ပ)

သိဒ္ဓိတင်ပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်(၁၀)ရပ်ကွက် (၅၁)လမ်း အမှတ် (၁၃၇/၁၃၉)တွင် တည်ရှိသော စရိဝါရသဂျာပေရှုမာလ်ဘုရားကျောင်း မဟာသိဒ္ဓိတင် မင်္ဂလာရေစင်သွန်းလောင်းပွဲကို ဇန်နဝါရီ ၂၉ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးလှမြင့် ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာကြူးနှင့်အဖွဲ့က ဆေးထိုးလုပ်ငန်းများကို ပြသစဉ်။

(ကျန်းမာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အနှိုင်းမဲ့မီးတရားတော် (အရှင်ဆန္ဒာဓိက)အပိုင်း(၁)
၈:၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၂၀	လှည်းယဉ်တော်
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	မြန်မာစာ၊ မြန်မာစကား
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အသည်းရောဂါဆိုင်ရာ ပြဿနာများ)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	အရိပ်ကောင်း၏ အေးမြရှင်သန်ခြင်းအလှ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	Yangon Panorama (Designer Latt Latt) (Solo Art Fashion)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ပျော်ရွှင်မှုကိုခံစားစေမည် ဘက်စုံကစားကွင်းဆီ
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	အမျိုးသားကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	ကုန်ပစ္စည်းမိတ်ဆက်
၁၂:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၄၅	ပိုးသတ်ဆေးများကို အကျိုးရှိရှိထိရောက်အောင် သုံးစွဲနည်း
၁၂:၅၀	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်အချောထည်စက်ရုံများ စစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်(၂)ရှိ Myanmar Technologies Industry Co; Ltd.၏ သစ်အချောထည် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် ဇန်နဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၂)ရှိ လင်းဝင်းကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ (၂)သို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာက စက်ရုံရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်၊ ဥယျာဉ်သုံး ပရိဘောဂ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော ပရိဘောဂနှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံကို အမေရိကန်ဒေါ်လာငါးသိန်းနှင့် မြန်မာငွေကျပ်သိန်း ၄၀၀၀ကျော်တို့ဖြင့် ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ပရိဘောဂနှင့် သစ်ခွဲသားများကိုဂျာမနီ၊ပြင်သစ်၊အီတလီ၊အင်္ဂလန်နှင့် အာရှနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ယင်းမြို့နယ် စက်မှုဇုန်(၂)ရှိ Myanmar Technologies Industry ကုမ္ပဏီလီမိတက်၏ သစ်အချောထည် စက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာက စက်ရုံအကြောင်းရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သစ်ပါးလွှာမှု အဆင့်ဆင့်၊ သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံကို အမေရိကန်ဒေါ်လာနှစ်သိန်းနှင့် မြန်မာငွေကျပ်သိန်း ၃၀၀၀တို့ဖြင့် ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ခွဲသားများကို ပြင်သစ်၊ အီတလီ၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၂၈-၁-၂၀၀၇)

ဟားခါး	၃	ဒီဂရီစင်တီဂရိတ်
ပင်လောင်းနှင့်ဟဲဟိုး	၄	ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၁၉	ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Grammar Made Easy.
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂:၅၀ ၁။ **၂၀၀၇ ခုနှစ် (၅၂) ကြိမ်မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ဗိုလ်လုပွဲ) (မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း)**
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၁၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅:၃၀ ၅။ **"အလံလေးတော့ကိုင်ပြပါ" (ဖွဲ့နိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅:၄၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၄၆)**
- ၆:၄၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၁၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း–၁၁)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၁၉)**
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

အထက(၂)လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

အထက(၂) လှိုင် (ယခင် ဒေါ်သာထက် အထက်တန်းကျောင်း)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဧပြီ ၈ ရက်(တနင်္ဂနွေနေ့)တွင် အဋ္ဌမအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ရာ အဆိုပါ အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း သိင်္ဂီရွှေဝါခန်းမ၌ အစည်းအဝေးကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက ဆရာဦးမင်းဇော် ဖုန်း–၆၅၃၅၉၅ လိုင်းခွဲ–၂၄၀၊ ဦးချစ်ဦး ဖုန်း–၅၀၄၉၁၂၊ ဦးမျိုးခင် ဖုန်း–၀၉–၅၁၈၇၅၄၆ တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မော်လမြိုင်မြို့ သာသနာ(၂၅၀၀) စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထီးတော်သစ်တင်လှူပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ(၂၅၀၀) စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ထီးတော်သစ် တင်လှူပူဇော်ပွဲတို့ကို ဖေဖော်ဝါရီ ၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထီးတော်သစ်တင်လှူပွဲအတွက် သာသနာ(၂၅၀၀) စေတီတော်မြတ်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇနိယ ဖုန်း–၀၅၇–၁၄၀၇၉၊ ဥက္ကဋ္ဌ ဦးမင်းချစ်ငွေ ဖုန်း–၀၅၇–၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအုံး ဖုန်း–၀၅၇–၂၄၁၆၃ နှင့် ဘဏ္ဍာရေးမှူး ဦးမောင်ရောင် ဖုန်း–၀၅၇–၂၅၇၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် အာကာသ သိပ္ပံသတင်း

အကြိမ်ကြိမ် အသုံးပြုနိုင်သည့် အာကာသယာဉ် အိန္ဒိယစမ်းသပ်အောင်မြင်

နယူးဒေလီ ဇန်နဝါရီ ၂၈

နိုင်ငံတကာ ဂြိုဟ်တုလွှတ်တင်ရေး ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေသော အိန္ဒိယနိုင်ငံသည် အကြိမ်ကြိမ်အသုံးပြုနိုင်မည့် အာကာသယာဉ် တည်ဆောက်ရေး နည်းပညာအတွက် သုတေသနပြုလုပ်လျက်ရှိကြောင်း၊ မကြာသေးမီက အကြိမ်ကြိမ်အသုံးပြုနိုင်သော အာကာသယာဉ်တစ်မျိုးကို စမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယ အာကာသသုတေသနအဖွဲ့သည် အလေးချိန် ကီလိုဂရမ် ၅၅၀ ရှိ အာကာသယာဉ်တစ်စင်းကို PSLV ဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့ပြီး စမ်းသပ်ခဲ့သည်။ SRE-1 အမည်ရှိ အဆိုပါ အာကာသယာဉ်သည် အာကာသအတွင်း ၁၁ ရက်ကြာ ရှိနေခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဇန်နဝါရီ ၂၂ ရက်က ပြန်လည်ဝင်ရောက်လာကာ ဘင်္ဂလား ပင်လယ်အော်တွင် ဆင်းသက်နိုင်ခဲ့ကြောင်း၊ ယင်း အာကာသယာဉ်ကို ဆယ်ယူနိုင်ရန် အိန္ဒိယရေတပ်သင်္ဘောများက ပါဝင်ကူညီခဲ့ကြောင်း အင်န်ဒီတီဗွီ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ဈေးနှုန်းချိုသာစွာ

အကြိမ်ကြိမ် ပြန်လည်လွှတ်တင်နိုင်သော အာကာသယာဉ်ကို တည်ဆောက်နိုင်ခြင်းဖြင့် နိုင်ငံတကာမှ ဂြိုဟ်တုများကို ဈေးနှုန်းချိုသာစွာဖြင့် လွှတ်တင်ပေးနိုင်မည်ဖြစ်သည်။

ကြိုးပမ်း

အာကာသယာဉ် တည်ဆောက်မှုနည်းပညာ တိုးတက်လာခြင်းဖြင့် အာကာသရေးရာ စူးစမ်းလေ့လာမှုများ ကျယ်ပြန့်လာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်ကို ၂၀၀၈ ခုနှစ်တွင် လွှတ်တင်နိုင်ရန် မျှော်မှန်းထားသည်။ အနာဂတ်ကာလတွင် ကမ္ဘာပတ်လမ်းကြောင်း၏ အနိမ့်ပိုင်းသို့ လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်နိုင်ရန် ကြိုးပမ်းမည် ဖြစ်သည်။

ကမ္ဘာ့လေထုလွှာ အတွင်းသို့ ပြန်လည် ဝင်ရောက်နိုင်သော အာကာသယာဉ် တည်ဆောက်မှု နည်းပညာ ပိုင်ဆိုင်သည့် နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း အင်န်ဒီတီဗွီ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***



အိန္ဒိယ အာကာသသုတေသနအဖွဲ့က တည်ဆောက်ခဲ့သော အကြိမ်ကြိမ် အသုံးပြုနိုင်သည့် အာကာသယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ နဒီနက္ခတ်ပညာသင်တန်းကျောင်း၏ ပညာစွမ်းရည်ပြ ပညာဒါနပြုပွဲကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း၌ ကျင်းပစဉ်။ (၁၁၄)

ပညာဒါနပြု ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၂၇၂) ပထမထပ်တွင် မြန်မာနိုင်ငံ နက္ခတ်ဗေဒပညာရှင်များအဖွဲ့ နဒီနက္ခတ်ပညာသင်တန်းကျောင်းမှ စီစဉ်သည့် ကွန်ပျူတာဇာတာရေးသား ဖန်တီးတီထွင်လျက် စွမ်းရည်ပြ ပညာဒါနပြု ဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်က ကျင်းပသည်။

ကွန်ပျူတာဇာတာရေးသား ဖန်တီးတီထွင်သူ ပညာရှင်များအား ဂုဏ်ပြုပွဲ၊ နဒီနက္ခတ်ဗေဒင် ကွန်ပျူတာဇာတာသရုပ်ပြပွဲနှင့် ဟောပြောမှု စွမ်းရည်ပြပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ် ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် ဟောပြောပွဲခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၁၄)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

❍ ကျောဖုံးမှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟို ကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အစီအစဉ်များကိုတင်ပြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကိုဖွဲ့စည်းပြီးကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို နေရာသစ်ဖြစ်သည့် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ လုပ်ငန်းတိုင်း၊ နေရာတိုင်းတွင် အသွင်သစ်ဖြင့် အောင်အောင်မြင်မြင်၊ ချောချောမွေ့မွေ့ ကျင်းပနိုင်ရန် လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်မှာ တစ်လခန့်ရှိပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက တစ်လတာကာလအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့်လုပ်ငန်းများ၊ ဝိုင်းဝန်းဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး **စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုကြီးအတွင်း ရှေးပဝေသဏီကပင် အေးအတူပူအမျှ အစဉ်ထာဝရ ယှဉ်တွဲနေထိုင်လာခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးမှာပြည်ထောင်စုစိတ်ဓာတ်သည် အဓိကပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ပြည်ထောင်စုကြီးအရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် ထာဝရ ရှင်သန်ထက်မြက်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေဖို့လိုကြောင်း။

ယင်းရည်မှန်းချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက တာဝန်ယူထားသည်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပဏာမပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာကိစ္စ၊ ပြည်ထောင်စုနေ့အလံတင်အခမ်းအနားနှင့် စစ်ရေးပြအခမ်းအနား ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကိုယ်စားလှယ်များ ဖိတ်ကြားရေးကိစ္စ၊ ဂုဏ်ပြုညစာစားပွဲကျင်းပရေးကိစ္စ၊ ပြည်ထောင်စုနေ့ လှူဆော်ရေး မြေစိုက်ပိုစတာများ စိုက်ထူရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်၊ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်းများ၊ ကဗျာများနှင့် ဆောင်းပါးများလွှင့်ထုတ်ပေးနေမှု၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်ထောင်စုနေ့အပြီးတွင် အများပြည်သူသို့ တိုင်းရင်းသားယဉ်ကျေးမှုအကများက ပြတင်ဆက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဘဏ္ဍာရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျန်းမာရေး၊ လုံခြုံရေး၊ ကျွေးမွေးရေး၊ ငွေကြေးသုံးစွဲမှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉–၁–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မုန်တိုင်းကြားက ချစ်လိပ်ပြာ အပိုင်း(၃)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရွှေမင်းသမီး (ဒုတိယတွဲ) အပိုင်း(၁၈)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ၌ "ဘက်စုံဖွံ့ဖြိုးတိုးတက်နေသောမြန်မာနိုင်ငံ" ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ၌ပထမဆုရရှိသော ရွှေအင်းသား ခင်မောင်ဝင်း၏လက်ရာ ဓာတ်ပုံကို တွေ့ရစဉ်။
(ကြေးမုံ)

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသားအလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက်(၃၅)နှစ်နှင့်အထက်၊ အသက် (၄၅)နှစ်နှင့် အထက်၊ အသက် (၅၅)နှစ်နှင့်အထက်၊ အသက်(၆၀)နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း –၀၁–၃၇၂၃၆၀ သို့ ဖေဖော်ဝါရီ ၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြတ်လေးရုံကျောင်း ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၈

ကမာရွတ်မြို့နယ် မြတ်လေးရုံကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(၁၄)နှစ်ပြည့် အထိမ်းအမှတ် ရိုးရာထမနဲပွဲ၊ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ရှင်ရဟန်းပြုပွဲ၊ ဓမ္မပူဇာပွဲ အစီအစဉ်များကို ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၃၀ရက်တွင် ဘဒ္ဒန္တသောဘဏပဏ္ဍိတ(ဓမ္မာစရိယ)အဂ္ဂမဟာဂန္ထဝါစက၊ ဇန်နဝါရီ ၃၁ရက်တွင် ဘဒ္ဒန္တကောသလ္လ(ဓမ္မစေတီ) မဟာဓမ္မာစရိယ ထေရဝါဒသာသနာပြုကျောင်းတိုက်၊ ဖေဖော်ဝါရီ ၁ရက်တွင် တွံတေးအရှင်ဣန္ဒက မဟာစည်နယ်လှည့်ဓမ္မကထိကတို့၏ ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ပြီး ရှင်ရဟန်းပြုပွဲတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသား ၉၀ ကို ရှင်သာမဏေအဖြစ်နှင့် ရဟန်းဝတ်ခြောက်ပါးကို သာသနာ့ဘောင် သွတ်သွင်းမည်ဖြစ်ရာ လှူဒါန်းလိုသူများ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဤရထားလမ်းကြီး အောင်မြင်စွာ ဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများအတွက် အောင်ပွဲဖြစ်ရုံသာမက ရထားဝန်ထမ်းများ၏ အရည်အသွေး၊ ဖွံ့လုံ့လကို ဖော်ညွှန်းသည့် အောင်ပွဲလည်းဖြစ်

✻ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ မကွေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်နှင့် အကအဖွဲ့များ၊ ဂန့်ဂေါမြို့ပေါ်ရှိ မြောက်ကုန်းရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ ကျောတိုက်ရပ်ကွက်နှင့် မြို့မရပ်ကွက်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျော၊ ကြက်ရိုး၊ ဖုန်းစိုးကြယ်၊ ခေါင်းတင်၊ ဝါးပင်၊ ကံမွေး၊ ကန့်သက်၊ကျဲ/နံ့းကြီး၊ စကား၊ ဟံသာဝတီ၊ မြောက်ခင်ရန်း၊ တောင်ခင်ရန်း၊ နမ်းခါး၊ မွေ့လယ်၊ လက်ပန်၊ မြင်းဇာ၊ လာပို့၊ ပြစ်မ၊ လယ်မနှင့် ညောင်လယ်တို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်သည့် ပုံညာတောင်ဥမင်နှင့် ကျော–ရေမျက်နီ ရထားလမ်းပိုင်းသည် အရှည် ၂၇ မိုင်ခန့်ရှိသည့် လမ်းပိုင်းဖြစ်ပြီး ဥမင်၏ အရှည်သည် ပေ ၅၆၁၀ ရှိကြောင်း၊ ၂၇၇ မိုင်ကျော် အရှည်ရှိသည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း၏ နောက်ဆုံးကျန်ရှိသည့် အပိုင်း၊ မြန်မာ့မီးရထားဝန်ထမ်းများ ကျားကုတ်ကျားခဲ အားထုတ်ဖောက်လုပ်ခဲ့ရသည့် လမ်းအပိုင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း မြေပြန့် မုံရွာဒေသမှ စတင်ခဲ့သည့် ရထားလမ်းသည် မကွေးတိုင်း ပခုက္ကူ မြိုင်၊ မြို့ဆိုး၊ ဇီးပြား၊ ကျော၊ ပုံညာတောင်ကိုဖြတ်ကျော်ပြီး ဂန့်ဂေါ၊ မြစ်သာချိုင့်ဝှမ်းဒေသမှတစ်ဆင့် ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သော ကဘော်ချိုင့်ဝှမ်းဒေသ ကလေးမြို့အထိ ရောက်ရှိသည့် တိုင်းရင်းသား ချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရထားလမ်းတစ်လျှောက် ဖြတ်ကျော်ရသည့် မြေပြင်အနေအထားကို ကြည့်မည်ဆိုလျှင် မြေပြန့်လွင်ပြင်များနှင့် မြစ်ဝှမ်းဒေသများ ပါသကဲ့သို့ တောင်ကုန်း၊ တောင်တန်း၊ တောင်စောင်းများလည်း ပါရှိကြောင်း၊ ထို့အပြင် ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ မဏိပူရမြစ်ကိုရော ချောင်းကြီးချောင်းငယ်တို့ကိုပါ ဖြတ်သန်းရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤရထားလမ်းကို ဖောက်လုပ်ရာတွင် ရထားဝန်ထမ်းများ၏ နည်းပညာအပိုင်းကို စမ်းသပ်စိန်ခေါ်မှု အမျိုးမျိုး ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း။

ဤရထားလမ်းကြီးကို ဖောက်လုပ်ခဲ့ရာ၌ ရထားဝန်ထမ်းများ၏ အတတ်ပညာစွမ်းအားအပြင် တပ်မတော်သားများ၏ လုပ်အားများ၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်ကူညီမှုများနှင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာ့မီးရထားဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းမှုအားများဖြင့် ကြိုးစားလုပ်ကိုင်နိုင်ခဲ့သည့်အတွက်ကြောင့်လည်း ပခုက္ကူ–မင်းရွာ၊ ပခုက္ကူ–မြိုင်–မြို့ဆိုး၊ မြို့ဆိုး–ဇီးပြား၊ ကလေး–နတ်ချောင်း၊ နတ်ချောင်း–ဂန့်ဂေါစသည်ဖြင့် ၁၉၉၃ ခုနှစ်မှစပြီး ၁၉၉၇ ခုနှစ်အထိ ဖောက်လုပ်ပြီးစီးသမျှ ရထားလမ်းများကို အပိုင်းအလိုက် ဖွင့်လှစ်ပေးခဲ့နိုင်ခြင်းဖြစ်ကြောင်း။

ယနေ့တွင် ရထားလမ်း၏ နောက်ဆုံးကျန်ရှိသည့် ပုံညာတောင်အပိုင်းကို ဥမင်လိုဏ်ဖောက်လုပ်ပြီး တောင်တန်းကြီးခြားနားနေသည့် ရထားလမ်းအပိုင်း နှစ်ခုဖြစ်သော ကျောအပိုင်းနှင့် ရေမျက်နီအပိုင်းကို ဆက်စပ်လိုက်နိုင်ပြီဖြစ်ကြောင်း၊ ပုံညာတောင်ရထားလိုဏ်သည် မြန်မာနိုင်ငံ၏ ရထားဥမင်လိုဏ်များအနက် တစ်မိုင်ကျော်ခန့်ရှိသည့် အရှည်ဆုံးလိုဏ်ဖြစ်ကြောင်း၊

ပုံညာတောင်၏ မြေကျောက်အမျိုးအစားနှင့်
ဥမင်ဖောက်လုပ်ရာ၌ အခက်အခဲများစွာရှိခဲ့သေ
ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဤရထားလမ်းကြီး အောင်
ပြည်သူများအတွက် အောင်ပွဲဖြစ်ရုံသာမက
အသွေး၊ ဖွံ့လုံ့လကို ဖော်ညွှန်းသည့် အောင်

နိုင်ငံတော်အတွင်းတွင် လမ်းပန်းဆက်
ရေးကို အဓိကဖြည့်ဆည်း ဆောင်ရွက်ရမည့် က
တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ငွေလုံးေ
ကွန်ရက်ယှက်သွယ် တည်ဆောက်ခဲ့သည့်လ
စီးပွား အခြေခံအဆောက်အအုံများအတွက်
တိုင်းရင်းသားတစ်ရပ်လုံး ကူးလူးဆက်ဆံနိုင်
ရေးဆိုင်ရာ လူမှုအဆောက်အအုံများလည်း

လမ်းနှင့် တံတားသည် နိုင်ငံ၏အခြေ
ခြင်းကြောင့် လွန်ခဲ့သည့် ဆယ်နှစ်ကျော်အတွင်
ရေးလုပ်ငန်းကို ပမာဏကြီးကြီးမားမား ဆေ
များ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းမျ
တိုးတက်စေရန်၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာ
ကောင်းမွန်အောင် အထူးအလေးပေး ဆော

ဖောက်လုပ်ခဲ့သည့် လမ်းများကိုလေ့လာ
များ၊ မြို့တော်စည်ပင်သာယာ လမ်းများ၊

**ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်
ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို တွေ့**

ယနေ့တွင် ရထားလမ်း၏ နောက်ဆုံးကျန်ရှိသည့် ပုံညာတောင်အပိုင်းကို ဥမင်လိုဏ်ဖောက်လုပ်ပြီး တောင်တန်းကြီး ခြားနားနေသည့် ရထားလမ်းအပိုင်း နှစ်ခုဖြစ်သော ကျောအပိုင်းနှင့် ရေမျက်နီအပိုင်းကို ဆက်စပ်လိုက်နိုင်ပြီဖြစ်ကြောင်း။ ပုံညာတောင် ရထားလိုဏ်သည်မြန်မာနိုင်ငံ၏ ရထား ဥမင်လိုဏ်များအနက် တစ်မိုင်ကျော်ခန့် ရှိသည့် အရှည်ဆုံးလိုဏ်ဖြစ်။

အဖွဲ့ဝင်နိုင်ငံ ၁၁၈ နိုင်ငံ ပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းသော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သောလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်

နေပြည်တော် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် (Resolution) မူကြမ်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သောလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၁၈ နိုင်ငံ ပါဝင်သည်။ (သတင်းစဉ်)

မြို့ချင်းဆက်လမ်း၊ မြို့နှင့် ကျေးရွာဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊ နယ်စပ်ဒေသလမ်းများ၊ ဖွံ့ဖြိုးရေးလမ်းများ ကွက်ပြည့်ဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း စုစုပေါင်းအနေဖြင့် ၁၉၈၈ ခုနှစ်က မိုင်ပေါင်း နှစ်သောင်းတစ်ထောင်ကျော်သာရှိရာမှ ယခုအခါ မိုင်ပေါင်း ခြောက်သောင်း လေးထောင်ကျော်အထိ တိုးတက်ဖြစ်ပေါ်လာပြီဖြစ်ကြောင်း။

မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာတိုင်း၌ မြစ်ကူးတံတားကြီးများကို ဖောက်လုပ်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်တို့အပေါ်၌ ၁၉၈၈ ခုနှစ် မတိုင်မီက တံတားကြီးငါးစင်းသာရှိခဲ့ပြီး နောက်ပိုင်း ကာလတွင် ၁၅ စင်း အသစ်ထပ်မံ တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားရေး မြင့်မားလာမည် ဖြစ်သည့်အတွက်ကြောင့် ယခုဆိုလျှင် အထက်ပါ မြစ်ကူးတံတားကြီး ၂၀စင်း အပါအဝင် ပေ ၁၈၀ အထက် ကားလမ်းတံတားပေါင်း ၂၂၀ စင်း တည်ဆောက်ခဲ့သကဲ့သို့ ရထားလမ်းတံတား ၃၄ စင်းကိုလည်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ ကားလမ်းများ တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ခဲ့သကဲ့သို့ ရထားလမ်း မရှိသေးသည့် ပြည်နယ်၊ တိုင်းများ၌ ရထားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ပေးခဲ့ကြောင်း။

- **အလယ်ရိုးမ တောင်တန်းဖြတ်ကျော်သည့် ပြည်–အောင်လံ–တောင်တွင်းကြီး ဆက်စပ်ပြီး ရန်ကုန်မှ ပုဂံညောင်ဦး၊ မြင်းခြံ၊ မန္တလေးသို့လည်းကောင်း။**
- **ပြည်နယ်/တိုင်း လေးခုဆက်စပ်ပေးသည့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်သို့ လည်းကောင်း။**
- **ရှမ်းရိုးမတောင်တန်း ဖြတ်ကျော်သည့် ရွှေညောင်–တောင်ကြီး–နမ့်စန်သို့လည်းကောင်း။**
- **ပုံတောင်ပုံညာ တောင်တန်းဖြတ်ကျော်သည့် ချောင်းဦး–ပခုက္ကူ–ကျောမှတစ်ဆင့် ဂန့်ဂေါ–ကလေး သို့လည်းကောင်း ရှည်လျားသည့် ရထားလမ်း ဆက်ကြောင်းကြီးများလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း။**
- **ပုသိမ်၊ ဟင်္သာတ၊ ကြံခင်း ရထားလမ်းကို ပြည်အနောက်ဘက်ကမ်းပန်းတောင်းသို့ တိုးချဲ့ဖောက်လုပ်နေပြီး ပခုက္ကူအထိ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်သွားမည်ဖြစ်၍ မကြာခင်တွင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ မြန်မာနိုင်ငံ တောင်မြောက်ရထားလမ်းဆက်ကြောင်းသစ်ကြီးတစ်ခု ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။**

ထို့အပြင် ဤရထားလမ်းကြီးသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့၏ အနောက်ဘက်ကမ်း၊ နိုင်ငံတော်၏ အနောက်မြောက်ခြမ်းဒေသ၌ တည်ရှိခြင်းဖြစ်ကြောင်း၊ ဤအနောက်ဘက်ခြမ်း ဒေသများသည် မြစ်များ၊ ချောင်းများ၊ တောင်တန်းများခြားနားမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကြောင့် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဒေသများဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်နောက်ကျမှု သမိုင်းကြွေး တင်နေခဲ့ခြင်းဖြစ်ကြောင်း။

ဤသမိုင်းကြွေးကို တပ်မတော်အစိုးရလက်ထက်တွင် အကျေပေးဆပ်နိုင်အောင် အနောက်ဘက်ကမ်းဒေသများ၌ ရထားလမ်းများ၊ ကားလမ်းများကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းသည် ချင်းပြည်နယ်နှင့်ရော ကဘော်ချိုင့်ဝှမ်းဒေသ၊ နယ်စပ်ဒေသများနှင့်ပါ ဆက်စပ်နေသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းမကြီးအဖြစ် ခေါ်ဆိုနိုင်သကဲ့သို့ ကျေးလက်ဒေသတစ်လျှောက် ရှည်လျားစွာ ဖောက်လုပ်ထားသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းမကြီးလည်းဖြစ်နေကြောင်း၊ အကျိုးပြုမှုများကို ပေါင်းစပ်လိုက်လျှင် ဒေသစုံ၊ ဘက်စုံဖွံ့ဖြိုးရေး အထောက်အကူပြု ရထားလမ်းအဖြစ် ခေါ်ဆိုရမည်ဖြစ်ကြောင်း။

ယခုအခါ စတင်ဖောက်လုပ်နေပြီဖြစ်သည့် မိုင်ပေါင်း ၃၀၀ ကျော်ရှိသော ကြံခင်း–ပခုက္ကူ ရထားလမ်းစီမံကိန်းနှင့် ဆက်စပ်လိုက်မည်ဆိုလျှင် ဧရာဝတီအနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရထားလမ်းအဖြစ် ပုသိမ်မြို့မှ နယ်စပ် ကလေးမြို့အထိ ခရီးပေါက်မည်ဖြစ်ကြောင်း။

ပုံညာတောင်၏ မြေကျောက်အမျိုးအစားနှင့် Fault Line များကြောင့် ဥမင်ဖောက်လုပ်ရာ၌ အခက်အခဲများစွာရှိခဲ့သော်လည်း ယနေ့ အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဤရထားလမ်းကြီး အောင်မြင်စွာ ဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများအတွက် အောင်ပွဲဖြစ်ရုံသာမက ရထားဝန်ထမ်းများ၏ အရည်အသွေး၊ ဇွဲလုံ့လကို ဖော်ညွှန်းသည့် အောင်ပွဲလည်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်းတွင် လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးနှင့် တိုးတက်ရေးကို အဓိကဖြည့်ဆည်း ဆောင်ရွက်ရမည့် ကဏ္ဍကြီးအဖြစ် အခြေခံသတ်မှတ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ငွေလုံးငွေရင်းပမာဏ ကြီးမားစွာဖြင့် ကွန်ရက်ယှက်သွယ် တည်ဆောက်ခဲ့သည့်လမ်းများ၊ တံတားများသည် လူမှုစီးပွား အခြေခံအဆောက်အအုံများအတွက် ဖြစ်သကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားတစ်ရပ်လုံး ကူးလူးဆက်ဆံနိုင်မည့် ချစ်ကြည်ရင်းနှီးပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများလည်း ဖြစ်လာကြောင်း။

လမ်းနှင့် တံတားသည် နိုင်ငံ၏အခြေခံအကျဆုံး အဆောက်အအုံဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ဆယ်နှစ်ကျော်အတွင်း လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းကို ပမာဏကြီးကြီးမားမား ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားများ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရန်၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာစေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အထူးအလေးပေး ဆောင်ရွက်ခဲ့ကြောင်း။

ဖောက်လုပ်ခဲ့သည့် လမ်းများကိုလေ့လာလျှင် ပြည်ထောင်စုလမ်းမကြီးများ၊ မြို့တော်စည်ပင်သာယာ လမ်းများ၊ တိုင်းနှင့် ပြည်နယ်လမ်းများ၊

ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ကျော–ရေမျက်နီ ရထားလမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်ဖွင့်ပွဲ အခမ်းအနား တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက **“ဧရာဝတီမြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ဆက်စပ်ပေးရန် လိုကြောင်း”၊ “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုဘဝ ပတ်ဝန်းကျင်ကိုပါ မြှင့်တင်နိုင်ကြောင်း”**ဖြင့် လမ်းပန်းဆက်သွယ်ရေး၏ အရေးပါမှုကို အခါအားလျော်စွာ ထုတ်ဖော်လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ဤလမ်းညွှန်မှုများနှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရှိပြီးရထားလမ်း ဟောင်းများကို အဆင့်မြှင့်တင် ပြုပြင်ခြင်း၊ လူစီးတွဲ၊ ကုန်တွဲများကို တိုးချဲ့ပြုပြင်ထုတ်လုပ်ခြင်း စသည့် ရထားပို့ဆောင်မှု တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကို မနားမနေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်က ရထားလမ်း အရှည်မိုင် ၁၉၇၆ မိုင်ခန့် ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ရထားလမ်းသည် မိုင် ၃၁၁၀ကျော်အထိ မိုင်ပေါင်း ၁၁၄၀ကျော်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်ရွယ်ချက်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အပြန်အလှန် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားလမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၉ မှ
နားလည်ချစ်ကြည်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကောင်းမှု ကောင်းကျိုးများ ရရှိရေးအတွက်ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်မြင့်မားမွန်မြတ်သည့် အကျိုးသက်ရောက်မှုကောင်းများကို မျှော်မှန်းထားသည့်အတိုင်း ရရှိနေခြင်းသည် လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ဖြစ်သကဲ့သို့ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးနေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲနေ၍လည်းဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရာ၌ နိုင်ငံရေးအခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေးအခြေခံကောင်းများ ခိုင်မြဲနေရန် အမှန်လိုအပ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် စွမ်းအား၊ ဝေဖန်ချင့်ချိန်စဉ်းစားနိုင်သည့် စွမ်းအားကို ပြုစုပျိုးထောင်ပေးနိုင်သော ပညာရေးအခြေခံသည် မြင့်မားနေရန်လည်း အရေးကြီးကြောင်း၊ ပညာရေးအခြေခံ ကောင်းရမည်၊ စီးပွားရေး အခြေခံကောင်းရမည်ဖြစ်ကြောင်း။

ပြည်သူများ၏ ပညာအခြေခံ ကောင်းလာရေးအတွက် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ပညာရေးနှင့် ပြည်သူကို တစ်သားတည်းဖြစ်အောင်ဆက်စပ်အားပေးလျက်ရှိကြောင်း၊ ထို့အတူ ဒေသအတွင်း စီးပွားရေးဖူလုံတောင့်တင်းရေးသည် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် တည်မှီနေသည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်အောင် အလေးထားလုပ်ကိုင်ရင်းမွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ကိုပါ တစ်ပါတည်းတိုးတက်လာအောင် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသခံပြည်သူများ၏ ဝင်ငွေမြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင်ဥမင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အကျိုးသက်ရောက်မှုကောင်းများ မျှော်မှန်းထားသည့်အတိုင်း ရရှိနေခြင်းသည် လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာခြင်းကြောင့်ဖြစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပုံညာတောင်ဥမင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဤနေရာတွင် လယ်ယာသုံး၊ ကျေးလက်ဒေသသုံး လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ မီးစက်တို့၌ အသုံးပြုနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လင့်တကူထုတ်လုပ်ပေးနိုင်သော ဒြစည်းရိုးကြက်ဆူပင်များကို ဖိဖိစီးစီးတိုးချဲ့စိုက်ပျိုးကြရန် ကြုံကြိုက်တုန်း မှာကြားလိုကြောင်း၊ ဒြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးသည် လယ်ယာကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်နိုင်အားရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို လက်တွေ့ဖော်ဆောင်နိုင်သည့် ကျေးလက်ပြည်သူအကျိုးပြုလုပ်ငန်းမျိုးဖြစ်ကြောင်းကို ယုံယုံကြည်ကြည် ခံယူလုပ်ကိုင်ကြစေလိုကြောင်း။

တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ အားကိုရယူပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်မူဝါဒလမ်းစဉ်ဖြင့် ကြိုးစားကြံစည်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ကိုယ်ပိုင်မူဝါဒ၊ကိုယ်ပိုင်လမ်းစဉ်၊ ကိုယ်ပိုင်အင်အားမရှိဘဲ ပြည်ပနိုင်ငံများအပေါ်၌ပင် မှီခိုအားထားနေမည်ဆိုလျှင် တိုင်းပြည်သည် အခြားနိုင်ငံများ၏ နောက်မြီးဆွဲ နိုင်ငံဘဝ၊ အခြွေအရံနိုင်ငံဘဝ ကျရောက်သွားမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာ၌ ထည်ထည်ဝါဝါ၊ သိက္ခာရှိရှိ အဓွန့်ရှည်စွာ ရပ်တည်နိုင်အောင် ကြိုးစားရေးသည် ယနေ့မျက်မှောက်မြန်မာနိုင်ငံသားများ၏ မြင့်မြတ်သည့် တာဝန်ဖြစ်ကြောင်း၊ ဤတာဝန်သည် တိုင်းပြည်နှင့်လူမျိုးကို စောင့်ရှောက်သည့်တာဝန်၊ မျိုးချစ်တာဝန်မျိုးဖြစ်သဖြင့် အမျိုးကိုချစ်သည့် နိုင်ငံသားတိုင်း မလွဲမသွေထမ်းဆောင်ရမည့် တာဝန်ဖြစ်သည့်အတွက် ဝိုင်းဝန်းထမ်းဆောင်ပြီး အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ် သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ကျောရထားဥမင်လိုဏ်နှင့် ရထားလမ်းကို အောင်မြင်စွာဖောက်လုပ်ခဲ့သည့် မြန်မာ့မီးရထားမှ ဝန်ထမ်းအဆင့်အတန်းအားလုံးကိုလည်းကောင်း၊ လိုအပ်သည်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်အားပေးကြသော တပ်မတော်သားများနှင့် ဒေသခံများကိုလည်းကောင်း နိုင်ငံတော်ကိုယ်စား ကျေးဇူးတင် မှတ်တမ်းပြုပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာ၌ ကျော-ရေမျက်နီ ရထားလမ်းပိုင်းကို ဖွင့်လှစ်နိုင်သည့်အတွက် မကွေးတိုင်းပခုက္ကူမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ရထားဖြင့်တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ရထားလမ်းကြောင့် ဒေသခံမိဘပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးတို့ကို များစွာအထောက်အကူပြုလာမည်ဖြစ်သကဲ့သို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ရာ ဤဒေသအတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ရထားလမ်းများကို ဖောက်လုပ်ပေးခဲ့ရာ ချောင်းဦး-ပခုက္ကူ-ကျော-ကလေး မီးရထားလမ်းနှင့် ဘုတလင်-ရေဦး-ခင်ဦး မီးရထားလမ်းတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မီးရထားရောကားပါ အသုံးပြုနိုင်သည့် မူးမြစ်ကူးတံတား၊ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)နှင့် မြစ်သာမြစ်ကူးတံတား(ကန်)တို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုခဲ့ကြောင်း။

ဆက်လက်ပြီး ကြံခင်း-ပခုက္ကူ ရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းယှဉ်ပါက ရေ၊ မြေ၊ သယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ခဲ့ပြီးသည့် ရထားလမ်းများနှင့်ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးမြို့အထိ သွားလာနိုင်ကြတော့မည်ဖြစ်သည့်အတွက် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဤရထားလမ်းနှင့် ပုံညာတောင်ဥမင်အပိုင်းကို တာဝန်ယူ ဖောက်လုပ်ပေးခဲ့သည့် မြန်မာ့မီးရထားဝန်ထမ်းများ၏ အားမာန်နှင့်ဆောင်ရွက်ချက် စွမ်းပကားများကိုလည်း မှတ်တမ်းတင်ရှိရပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်း ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက်ပမ်း တည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်း ကျောနှင့် ရေမျက်နီဘူတာကြားရှိ ပုံညာတောင်ဥမင်တွင် ညပိုင်း၌ မီးရောင်စုံများ ထွန်းညှိထားသည်ကို ဤသို့ လှပစွာ တွေ့ရသည်။ (သန့်ဇင်ထွန်း-ကြေးမုံ)

❐ စာမျက်နှာ ၁၀ မှ

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယနေ့ဖွင့်လှစ်သည့် ကျော-ရေမျက်နီ လမ်းပိုင်းသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ ပုံတောင်ပုံညာဒေသနှင့် မြစ်သာချိုင့်ဝှမ်း ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖောက်လုပ်ခဲ့သည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယင်းလမ်းအပိုင်း၌ ပုံညာတောင်တန်းကြီးက အတားအဆီးသဖွယ် တည်ရှိနေခဲ့သည့်အတွက် ပခုက္ကူဘက်ခြမ်း၌ ပခုက္ကူမှ ကျောအထိ ၉၃ ဒသမ ၅၄ မိုင်ကိုလည်းကောင်း၊ ဂန့်ဂေါ-ကလေး ဘက်ခြမ်း၌ ရေမျက်နီမှ ကလေးအထိ ၁၀၅ ဒသမ ၃၄ မိုင်ကိုလည်းကောင်း ရထားလမ်းဖောက်လုပ်နိုင်ခဲ့ပြီး ကျောနှင့် ရေမျက်နီသည် ဤပုံညာတောင်တန်းကြီးကြောင့် ဆက်စပ်ဖောက်လုပ်ရန် အခက်အခဲဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအခက်အခဲ အတားအဆီးကို ကျော်ဖြတ်နိုင်ရန်အတွက် ပုံညာတောင်ဥမင်ကို ၁၆-၁၀-၁၉၉၆ ရက်တွင် စတင် ဖောက်လုပ်ခဲ့ပြီး ၂၅-၇-၂၀၀၆ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ဥမင်အရှည် ပေ ၅၆၁၀၊ ဥမင်အကျယ် ၁၅ပေ၊ လေး လက်မနှင့် ဥမင် အမြင့်သည် ၁၉ ပေ၊ လေးလက်မရှိကြောင်း၊ ဥမင်အတွင်း လူရှောင်ပေါက် ၁၂ ပေါက် ပါရှိပြီး ဥမင်အမျိုးအစားမှာ သံကူကွန်ကရစ် (R . C . C Lining) အမျိုးအစားဖြစ်ကြောင်း၊ ပုံညာတောင် ဥမင်ဖောက်လုပ်ပြီးစီးသွားသည့်အတွက် ဆက်စပ်ရန်ကျန်ရှိနေသော ကျော-ရေမျက်နီ လမ်းပိုင်းအရှည် ၂၇ ဒသမ ၆ မိုင် (ဥမင်အပါအဝင်)ကို ၃၀-၄-၂၀၀၀ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ပခုက္ကူ-ဂန့်ဂေါ-ကလေးအထိ တစ်ဆက်တည်း ရထားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင် ၄၄ မိုင်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၁၁၈ ဒသမ ၇၉ မိုင်ကိုလည်းကောင်း၊ ၁၉၈၈မတိုင်မီက ဘူတာရုံ ၄၈၇ဘူတာသာ ရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် ၃၁၁ ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံပေါင်း ၇၉၈ဘူတာကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တံတားကြီး/ငယ် စုစုပေါင်း ၅၆၅၀ လုံးရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် တံတားကြီး/ငယ် ၄၀၁၁လုံးကို ထပ်မံ တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး/ငယ် စုစုပေါင်း ၉၆၆၁ လုံးကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် ၁၉၈၈ခုနှစ်တွင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ရထားလမ်းပိုင်းဖွင့်ပွဲ ကျင်းပမည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရထားလမ်းအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာ ရှိခဲ့ရာက ယနေ့ဖွင့်လှစ်မည့် ကျော-ရေမျက်နီ ရထားလမ်းပိုင်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၁၄၂ ဒသမ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အထူးရထားဖြင့် လိုက်ပါကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေ့စဉ်ပြေးဆွဲနေသော လူစီးရထား ၂၂၉စင်း ရှိခဲ့ရာမှ ယခုအချိန်တွင် လူစီးရထား ၄၀၉စင်းအထိ တိုးပြီး ပြေးဆွဲနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာပါက ရေမြေသယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေးအခြေအနေ တန်းတူညီတူဖြစ်စေရန် ကြံ့ခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်သော ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်-ကြံ့ခင်း-ပခုက္ကူ-ကလေးမြို့အထိ သွားရောက်နိုင်မည်ဖြစ်ကြောင်းကို လမ်းညွှန်ခဲ့ပါကြောင်း၊ ယခုအခါတွင် ကြံ့ခင်းမှ ဥသျှစ်ပင်အထိ ရထားလမ်းပိုင်း ၄၀ ဒသမ ၅ မိုင်ကို ဖောက်လုပ်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကျောကျေးရွာမှ ဦးသန်းဝင်းက ဂန့်ဂေါမြို့နှင့် ကလေးမြို့တို့ကို မီးရထားလမ်း ဖောက်လုပ်ပေးခဲ့သည့်အတွက် ယောဒေသမှ ပြည်သူများအနေဖြင့် မြေပြန့်နှင့် တောင်ပေါ် တောက်လျှောက် တစ်ဆက်တည်း လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ယောဒေသမှ ပြည်သူများက နိုင်ငံတော်အစိုးရအား ကျေးဇူးတင်လျက်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည့်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အထူးရထားသည် ကျောဘူတာမှ စတင်ထွက်ခွာရာ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အထူးရထားဖြင့် လိုက်ပါကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပုံညာတောင်ဥမင် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ပုံညာတောင်ဥမင်(အရှေ့)၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ပုံညာတောင်ဥမင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပုံညာတောင်ဥမင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် မြန်မာ့မီးရထား ဝန်ထမ်းများသည် ဥမင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံညာတောင်ဥမင်(အရှေ့) ဘူတာမှ ပုံညာတောင်(အနောက်)ဘူတာသို့ ရထားဖြင့် ဖြတ်သန်းကြသည်။

ယင်းနောက် အထူးရထားသည် ပုံညာတောင်ဥမင်(အနောက်) ဘူတာမှ ရေမျက်နီဘူတာသို့ ဆက်လက်ထွက်ခွာသွားပြီး ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ဂန့်ဂေါမြို့နှင့် ကလေးမြို့တို့ကို မီးရထားလမ်း ဖောက်လုပ်ပေးခဲ့သည့်အတွက် ယောဒေသမှ ပြည်သူများအနေဖြင့် မြေပြန့်နှင့် တောင်ပေါ် တောက်လျှောက် တစ်ဆက်တည်း လွယ်ကူစွာ သွားလာနိုင်ပြီ ဖြစ်သည့်အတွက် ယောဒေသမှ ပြည်သူများက နိုင်ငံတော်အစိုးရအား ကျေးဇူးတင်လျက်ရှိ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အဆင့်မြင့် တော်ဝင် ရန်ကုန်မြို့တော် ဟိုတယ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

တော်ဝင်ဟိုတယ် တည်ဆောက်မှုလုပ်ငန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းလိုက်ပါလျက် ယမန်နေ့ နံနက်က အင်ဂျင်နီယာဌာန(အဆောက်အအုံ)က မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ အဆင့်မြင့်တော်ဝင် ရန်ကုန်မြို့တော်ဟိုတယ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာတွင် အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသကြသည်။

တော်ဝင် ရန်ကုန်မြို့တော် ဟိုတယ်သည် မြေညီထပ်အပါအဝင် လေးထပ်ရှိပြီး အခန်းကျယ် ၁၀ ခန်း အပါအဝင် နှစ်ယောက်အိပ် အခန်းပေါင်း ၁၁၀ ရှိသည်။ ဟိုတယ်အောက်ထပ်တွင် လူမျိုးမရွေးစားသုံးနိုင်သည့် စားသောက်ဆိုင်၊ ညှိခံပွဲများကျင်းပနိုင်ရန် အခန်းများ၊အစည်းအဝေးခန်းမများ၊နိုင်ငံတကာနှင့် ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးစနစ်များ ထားရှိမည်ဖြစ်သည်။

အဆိုပါ ဟိုတယ်သည် လာမည့် ဖေဖော်ဝါရီလအတွင်း ပြီးစီးမည် ဖြစ်သည်။ (၁၉)

ကွမ်းခြံကုန်းမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ တက္ကသိုလ်ပါရဂူ ဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့်ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံ ပုဂ္ဂိုလ်တို့အားဂုဏ်ပြုပွဲတို့ကို ဖေဖော်ဝါရီ ၄ ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (ဗဟန်း ၃လမ်းထိပ်) ရှိ စွမ်းအင်ဝန်ကြီးဌာနခန်းမရုံ၌ ကျင်းပမည်ဖြစ်၍ မြို့နယ်အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် ဖိတ်ကြား ထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများ၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ ရသူများနှင့် နိုင်ငံတော်အဆင့်ဂုဏ်ပြုဆုချီးမြှင့်ခံရသူများသည် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် ဦးစီးနာယက ဖုန်း–၅၄၁၆၈၆၊ ဦးကျော်ခိုင် ဥက္ကဋ္ဌ ဖုန်း–၂၄၆၁၄၀၊ ဦးကျော်စိုး အတွင်းရေးမှူး ဖုန်း–၀၉၅၀၀၁၄၂၆၊ ဦးကြိုင်မြင့် ဘဏ္ဍာရေးမှူး ဖုန်း–၃၇၁၅၆၃၊ ဦးစန်းအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း–၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) တွဲဖက်အတွင်းရေးမှူး ဖုန်း–၂၉၂၅၀၀ နှင့် ဒေါ်ဥ အမှုဆောင် ဖုန်း–၀၉၈၀၃၃၉၁၅ တို့ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ(၃၂–၃၄၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်)သို့ မိဘများနှင့် ဇနီး ဒေါ်ခင်သိန်းဝင်းတို့အား ရည်စူး၍ လှိုင်မြို့နယ် မယ်စီကုန်းလမ်း (၇)ရပ်ကွက်နေ ဦးအုန်းကြွယ်၊ သား သမီး မြေး မြစ်တစ်စုတို့က ငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူးဦးမြင့်ဆွေ လက်ခံယူစဉ်။ (က–ပ)

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒဲရား ဗိုလ်ခွဲ

မဲလ်ဘုန်း ဇန်နဝါရီ ၂၈

၂၀၀၇ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအမျိုးသားတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ယနေ့ကျင်းပရာ ဆွစ်ဇာလန်လူမျိုး တင်းနစ်သမား ရော်ဂျာဖက်ဒဲရားက ချီလီလူမျိုး တင်းနစ်သမား ဖာနန်ဒိုဂွန်ဇာလက်ဇ်ကို အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ဖက်ဒဲရားက ၎င်း၏ ပြိုင်ဘက်ကို ၇–၆(၂)၊ ၆–၄၊ ၆–၄ ဖြင့် အနိုင်ရရှိပြီး ဂရင်းဆလမ် အမျိုးသားတစ်ဦးချင်း တင်းနစ်ဆုဖလားကို ဒသမအကြိမ် ရရှိခြင်းဖြစ်သည်။

ဖက်ဒဲရားသည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပွဲငယ်ခြောက်ပွဲ သို့မဟုတ် ခြောက်ပွဲအထက် ကစားရသောပွဲများတွင် အရှုံးမရှိဘဲ ဂရင်းဆလမ် ဆုဖလားရရှိသော ပထမဆုံး တင်းနစ်သမားဖြစ်လာသည်။

ဖက်ဒဲရားသည် ရက်သတ္တ ၁၅၆ ပတ် ဆက်တိုက် ကမ္ဘာ့နံပါတ်–၁ အဆင့်ရှိ တင်းနစ်သမားဖြစ်ပြီး ဂွန်ဇာလက်ဇ်မှာမူ အဆင့်–၁၀ တွင် ရှိသည်။

အင်တာနက်။

ဆွစ်ဇာလန်လူမျိုး တင်းနစ်သမား ရော်ဂျာဖက်ဒဲရား ပြိုင်ပွဲအပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရီးဒင်းတိုက်စစ်မှူး ဒွေ့ဗ်ကစ်ဆင် ဘောလုံးစွမ်းရည်ပြန်လည်ပြသ

လန်ဒန် ဇန်နဝါရီ ၂၈

ရီးဒင်းသင်းမှ တိုက်စစ်မှူး ဒွေ့ဗ်ကစ်ဆင်သည် ထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် ငါးလကြာမျှ အနားယူခဲ့ရသော်လည်း ၎င်း၏ စွမ်းရည်ကိုပြန်လည်ပြသနိုင်သူဖြစ်ကြောင်း၊ အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ဒွေ့ဗ်ကစ်ဆင် ပါဝင်ကစားခဲ့ရာတွင် ဂိုးသွင်းနိုင်ခြင်းဖြင့် ၎င်း၏အခန်းကဏ္ဍကို မြှင့်တင်နိုင်ကြောင်း ယင်းအသင်း၏ နည်းပြ စတိဗ်ကော့ပဲလ်က ယနေ့ပြောကြားသည်။

အနိုင်ရရှိ

ရီးဒင်းအသင်းသည် စိန့်အင်ဒရူးကွင်းတွင် ဘာမင်ဂမ်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒွေ့ဗ်ကစ်ဆင်သည် လွန်ခဲ့သည့် ဘောလုံးရာသီက ၂၂ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်ပြီး ၎င်း၏ စွမ်းဆောင်မှုနှင့်အတူ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသို့ ပထမဆုံးအကြိမ် အတန်းတက်နိုင်စေရန် ရီးဒင်းအသင်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

အင်တာနက်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဖခင်ကြီး၏ တစ်နှစ်ပြည့်ဆွမ်းကျွေးနှင့် အဘိုး ဦးဟုတ်စိန် ရေးသားပြုစုခဲ့သော မြန်မာ–အင်္ဂလိပ်–ပါဠိအဘိဓာန် စီဒီလှူဒါန်းပွဲကို ဇန်နဝါရီ ၂၈ရက်က ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် သီတဂူတက္ကသိုလ်၊ မန္တလေးနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ဦးမြင့်ဆွေ ပရိယတ္တိတက္ကသိုလ်၊ အမရပူရဗုဒ္ဓတက္ကသိုလ်၊ ကွမ်းခြံကုန်းဗုဒ္ဓတက္ကသိုလ်၊ ဝိသုဒ္ဓါရုံဗုဒ္ဓတက္ကသိုလ်၊ မစိုးရိမ် ဗုဒ္ဓတက္ကသိုလ်များအတွက် စီဒီခွေများကို ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်ဆရာတော်ဘဒ္ဒန္တ ဒေါက်တာကုမာရ ဘိဝံသထံ အလှူရှင် ဒေါက်တာ အောင်မွန် (ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ် ရန်ကုန်မြို့)နှင့် ဒေါက်တာ သန်းသန်းတင်(ချယ်ရီ)(ပါမောက္ခ/ဌာနမှူးဗဟိုအမျိုးသမီးဆေးရုံကြီး) တို့က ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အင်တာနက်အားကစားသတင်းများ

ဘာစီလိုနာ အသင်းမှ ရော်နယ်ဒင်ဟို။

(ဓာတ်ပုံ–အင်တာနက်)

ဘာစီလိုနာအသင်းအတွက် ရော်နယ်လ်ဒင်ဟို အရေးပါဟုဆို

မဒရစ် ဇန်နဝါရီ ၂၈

ရော်နယ်လ်ဒင်ဟိုသည် မိမိတို့အသင်းအတွက် အရေးပါသော ဘောလုံးသမား တစ်ဦးဖြစ်ကြောင်း၊ ၎င်းအား ချယ်လ်ဆီးအသင်းနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်ဟု သတင်းများတွင် ဖော်ပြသော်လည်း မိမိတို့အသင်းမှ အလျင်စလို ထွက်ခွာသွားမည်မဟုတ်ကြောင်း စပိန်နိုင်ငံရှိ ဘာစီလိုနာအသင်း၏ နည်းပြ ဖရန့်ခ်ရစ်ကတ်က ယနေ့ ပြောကြားသည်။

ဘာစီလိုနာအသင်းတွင် ရော်နယ်လ်ဒင်ဟိုခြေစွမ်းပြ ကစားနိုင်ခြင်းမရှိတော့ဆိုသော ဝေဖန်နေမှုများမှာ မှန်ကန်ခြင်းမရှိကြောင်း၊ မိမိတို့အသင်း ရလဒ်မကောင်းသည့်တိုင်အောင် ဘောလုံးသမားတစ်ဦးတည်းကို အပြစ်ပုံချနိုင်မည် မဟုတ်ကြောင်း ရစ်ကတ်က ပြောကြားသည်။

ရော်နယ်လ်ဒင်ဟိုသည် ဘာစီလိုနာအသင်းတွင် ၂၀၁၀ ပြည့်နှစ်အထိ ကစားရန်ကန်ထရိုက်စာချုပ် ချုပ်ဆိုထားကြောင်း၊ မိမိတို့အသင်းတွင် ၎င်းရှိနေခြင်းမှာ ဝမ်းမြောက်ဖွယ်ကောင်းပြီး ၎င်းကိုယ်တိုင်ကလည်း မိမိတို့အသင်းတွင် ရှိနေခြင်းအတွက် ပျော်ရွှင်မှုရှိကြောင်း ရစ်ကတ်က ပြောကြားသည်။***အင်တာနက်***

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တိုက်စစ်မှူးဝိန်းရူနီ ခြေစွမ်းပြကစား

လန်ဒန် ဇန်နဝါရီ ၂၈

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ စတုတ္ထအဆင့်အဖြစ် စနေနေ့က မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲကစားချိန်တစ်နာရီအကြာတွင် အိုလီဂန်နာဆိုးရှား၏နေရာတွင် အစားထိုးကစားသူ ဝိန်းရူနီက ပွဲချိန် ၇၇မိနစ်နှင့် ၃မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်သွင်းပေးနိုင်ခဲ့သည်။

အင်တာနက်

သုမင်္ဂလာရာမကျောင်း အလှူတော်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက် ဗုဒ္ဓဂယာသတ္တဌာန (ဗုဒ္ဓခုနစ်ဆူ)တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး မူလပဓာနနာယက ဆရာတော် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တသုမင်္ဂလ ဆရာတော်ကြီး ခန္ဓာဝန်ချ (၉)နှစ်မြောက်အထူးပူဇော်အလှူတော်ပွဲကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာယင်းအလှူပွဲ၌ ပင့်သံဃာသက်တော်ရှည်ဆရာတော်ကြီး ၁၀၈ပါးတို့အား သင်္ကန်းဒွိစုံ၊ နဝကမ္မဝတ္ထုငွေများလှူဒါန်းခြင်း၊ သီလရှင်အပါး ၂၀၀တို့အား ဝတ္ထုငွေလှူဒါန်းခြင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အရုဏ်နှင့် နေ့ဆွမ်း အချိုပွဲတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ မိမိသဒ္ဓါအလျောက် လှူဒါန်းလိုပါက ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဖုန်း–၅၆၀၇၁၀နှင့် ၅၆၄၇၄၃သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။(က–ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဗညားဒလလမ်းနေ ဒေါ်အုန်းကြည်၏ (၈၇)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို ရွှေစင်တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၃)၊ အမှတ်(၅)တွင် မြန်မာ စပီရှုလိုင်းနားကအိပ်ချ်အိုင်ဗွီ၊ ရေယုန်နှင့် တုပ်ကွေးဗိုင်းရပ်စ်များ ပြန့်ပွားမှု ထိန်းချုပ်နိုင်၊ ခေတ်နှင့်လျော်ညီသော မော်တော်ယာဉ် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရန်စီစဉ်၊ နိုင်ငံတကာအသိအမှတ်ပြု ဗေဒင်ပညာသင်တန်း ကျောင်းပေါ်ထွန်းလာရန်ကြိုးပမ်းနေ၊ တက္ကသိုလ်ဝင်တန်းအောင်ရုံဖြင့် စင်ကာပူနိုင်ငံရှိ Queensfield Schoolတွင် တက်ရောက်နိုင်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များသည် နိုင်ငံခြားသားနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ ထူးခြားသော လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်၊ လမ်းကြောင်းသုံးသွယ်ဖြင့် ဖောက်ခွဲရေးအဖွဲ့များလွှတ်နိုင် ပြည်သူများအထူးသတိပြုစောင့်ကြည့်ရန် နှိုးဆော်စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

"ရှိတာလေးထုတ်သုံး ချိုတာလေးရွေးဝယ်" အားကစားဆောင်းပါးနှင့်တူ ကမ္ဘာ့အရှားပါးဆုံး တိရစ္ဆာန်များအား မျိုးထိန်းရန် သိပ္ပံပညာရှင်များစီစဉ်၊ အမျိုးကောင်းသားဆယ်ဦးကို အမျိုးသမီးများက ရွေးချယ်ပွဲ တရုတ်နိုင်ငံ၌စတင်၊ ပြည်မကြီးမှ လာရောက်မီးဖွားသူများကို ဟောင်ကောင်က စနစ်သစ်ဖြင့် တင်းကျပ်၊ ပေါက်တောခ်ဝိတ်လျှော့မိသူ ရတနာသန်းကျော်ဖိုးဆုံးရှုံး၊ ဟောင်ကောင် စျေးကွက် အာရှပစိဖိတ်၌ ဒုတိယအကောင်းအမြင်ဆုံး စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseကမြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

ကြံခင်း ရေဝန်းဆရာတော် တရား ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်း ကြံခင်းမြို့ ရေဝန်းကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တစိန္တိတ(သာသနဓဇဓမ္မာစရိယ)သည် ဧရာဝတီတိုင်း အင်္ဂပူမြို့ဇေယျာသုခကျောင်းစာတော်ပြန်ပွဲ၌ တပို့တွဲလပြည့်ကျော် ၆ရက် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်နာကြားနိုင်ရန်ဖိတ်ကြားထားသည်။ (က–ပ)

ဗောဓိတထောင်ကျောင်းတိုက်၊ ကမ္ဘာ့အကြီးဆုံး ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဌာပနာတော် ထည့်သွင်းပူဇော်ပွဲနှင့်ဗုဒ္ဓပူဇနီယပွဲတော်

စစ်ကိုင်းတိုင်း၊မုံရွာမြို့နယ်၊ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတထောင်ကျောင်းတိုက်တွင် တည်ထားပူဇော်အပ်သော ဉာဏ်တော်အမြင့် (၄၂၄)ပေ၊ အထပ်ပေါင်း (၃၃)ထပ်ရှိ ကမ္ဘာ့အကြီးဆုံးလေးကျွန်းစကြာရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်ကြီး၏ မွေးနေ့ဖြစ်သည့် ၁၃၆၈ ခု၊ တပို့တွဲလဆန်း (၁၄)ရက်၊ ၂၀၀၇ ခု၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် တပည့်သံဃာတော်များ ဒါယကာ၊ ဒါယိကာမများဦးစီး၍ ဌာပနာတော်ထည့်သွင်းပူဇော်ခြင်း၊ သံဃာတော် (၁၀၀၀)၊ သီလရှင် (၁၀၀၀) တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ အာဟာရဒါနဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် တပို့တွဲလပြည့်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ပင့်သံဃာတော်အရှင်မြတ် အပါး (၃၀၀)တို့အား သံဃဒါန လောင်းလှူပူဇော်ခြင်း၊ နိုင်ငံကျော်ဓမ္မကထိကဆရာတော်များ၏ ဓမ္မပူဇာသဘင်များဆင်ယင်ကျင်းပခြင်းတို့ဖြင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အတိုင်း အထူးစည်ကားသိုက်မြိုက်စွာကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ တပည့်သာဝကများအားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

နာယကဆရာတော်များ
မဟာဗောဓိတထောင်၊ မုံရွာ

အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း သာကေတမြို့နယ် (၈)ရပ်ကွက် ယခင်အလက(၃)၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)နံနက် ၉နာရီတွင် ရွှေပုဇွန်အအေးခန်းမ (သာကေတ)၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ကျောင်းသူ၊ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသိန်းဝင်း ဖုန်း–၀၉၅၁–၄၆၂၂၆၊ဦးသန့်ဇင်ဦး ဖုန်း–၅၃၇၄၁၂၊ဦးတင်ဝမ်းမောင် ဖုန်း–၇၀၅၃၀၀၊ ဦးမျိုးဝင်း ဖုန်း၀၉၅၁၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း–၅၄၇၀၇၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့၊ တောကျောင်းကျေးရွာ၊ အလယ်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမိုမိုသန်း၏ ဖခင်အမည်မှန်မှာ ဦးလပြည့် ဖြစ်ပါကြောင်း။ **ဦးလပြည့်**

လူပျောက်ကြော်ငြာ

ဦးတင်မောင် အသက်(၈၁)နှစ်သည် လမ်းလျှောက် ထွက်သွားရင်း ပြန်မလာပါ သဖြင့် အိမ်သားများ စိတ်ပူနေပါ သည်။ တွေ့ရှိပါက အကြောင်းကြား ပါရန်၊ ထိုက်တန်စွာ ကျေးဇူးဆပ်ပါ မည်။

ဒေါ်စန္ဒာမြင့်၊ အမှတ်(၆၀) ပထမထပ်၊ (၉၃)လမ်း၊ မင်္ဂလာတောင်ညွန့်.ဖုန်း–၂၅၆၁၃၈

သံဖြူဇရပ်မြို့ ပညာရေးမိသားစုကိုယ်စား မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ထောက်ပံ့လှူဒါန်း ငွေကျပ်သုံးသိန်းကို သက်ပြည့်အငြိမ်းစားယူသွားသော စက်သစ်ရပ် အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သောင်းအား ဇန်နဝါရီ ၂၆ရက်က ထောက်ပံ့လှူဒါန်းစဉ်။ (မြို့နယ်ပညာရေး)

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမက(၈) ဘက်စုံ ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ၂၈ရက်တွင် ကျင်းပရာ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိသူ မမိုးထက်အောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ် သန်း သန်း အေး ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစန်းငွေ–ဒေါ်သိန်းသိန်းတို့၏သားလတ်

ဗိုလ်ကြီးကျော်ကျော်အောင် M.B.,B.S. (DSMA)
Professional Diploma in Genetic Medicine (MSU)
1st Year M.Med.Sc(Pathology)

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း)ပြန်ကြားရေးဝန်ကြီးဌာန–ဒေါ်ပွင့်မေတို့၏သမီးကြီး

ဗိုလ်မေမျိုးမြင့်ခိုင် B.N.Sc

အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀)

တို့၏ ၂၃–၁–၂၀၀၇ရက်(အင်္ဂါနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဗိုလ်ချုပ်စိုးမောင်နှင့်ဇနီး အားလည်းကောင်း၊ ၂၇–၁–၂၀၀၇ ရက် (စနေနေ့)နံနက်ပိုင်းတွင် Summit Parkview Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဗိုလ်ချုပ်သန်းဦး(ငြိမ်း) နှင့် ဇနီး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗိုလ်ချုပ်မောင်မောင်ဆွေ၏ ဇနီး ဒေါ်တင်တင်နွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ဗိုလ်ချုပ်စိုးမောင်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့်ဇနီး၊ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်ချိုပြုံး၊ The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ဆုမြင့်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာစိန်လက်စွပ် ဗန်းကိုင် ဗိုလ်မေထူးမာနှင့် မမိမိဆွေ၊ သတို့သားအရံ ဗိုလ်ကြီးကျော်အောင်စန်း၊ ဗိုလ်ကြီးလွှမ်းမိုးဟန်၊ သတို့သမီးအရံ မခိုင်သဇင်၊ မဖြူဖြူသွယ်၊ မင်္ဂလာဝတ်စုံပြင်ဆင်ပေးသော ဦးမြင့်ဝေ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ် နှင့် ဆံပင်အလှပြင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြင် သီတဂူ(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ကိုအောင်ကျော်မိုးနှင့်အဖွဲ့၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ Summit Parkview Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီပေးသော ဒုတိယဗိုလ်မှူးကြီးခင်ဇော်နှင့်ဇနီး ဒုတိယဗိုလ်မှူးကြီးဒေါ်ကေသီထွန်း၊ ရွှေစင်မင်းစိန်ဇမ္ဗူထိပ်ရတနာဆိုင်မှ အန်တီဒေါ်ဝါဝါကျော်နှင့် ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ကျော်အောင်–ဗိုလ်မေမျိုးမြင့်ခိုင်

မင်္ဂလာဆုတောင်း

ဗိုလ်ကြီးကျော်ကျော်အောင်နှင့် ဗိုလ်မေမျိုးမြင့်ခိုင်တို့၏ ၂၇–၁–၂၀၀၇ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်သော၊ အောင်မြင်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေ။

နှစ်ဖက်သောမိဘများနှင့်
ကျောင်းဆင်းဖက် သူငယ်ချင်းများ

"Bring the best to your child during this Summer!"
- အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
- ကွန်ပျူတာသင်ခန်းစာ
- ကိုးကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
- ခေါင်းဆောင်နိုင်မှုစွမ်းရည်
- နိုင်ငံတကာအဆင့် Camp များ
- ပန်းချီ အနုပညာ တေးဂီတနှင့် အက
- အားကစားလှုပ်ရှားမှုများ
- ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ

For ages 3 years and above
Tel: 296552 293754
526456 557448 ext 849
524599 501976

TOTAL SUMMER SCHOOL
between March through May 2007
ကျောင်းအပ်လက်ခံနေပါပြီ။
TOTAL Learning Academy
TOTAL Kids School
Scientific Learning

အတွဲ ၁၊ အမှတ် ၂၂ Ecovision စီးပွားရေးအမြင်ဂျာနယ် ထွက်ပြီ
- လမ်းပေါ်က စာသုံးစောင်
- မျှော်လင့်ချက် မနက်ဖြန်
- ရေးကျလေ တန်ဖိုးမြင့်လေ
- တရုတ်လိုရှာ၊ ကုလားလိုစု၊ မြန်မာလို မသုံးမဖြုန်းကြစေလို
- အလုပ်ပြုတ်ရင် ဘာလုပ်မလဲ
- ဒါရိုက်တာ မောင်ဝဏ္ဏ နှင့် မျက်နှာချင်းဆိုင်
- နက္ခတ်ပညာဖြင့် ကုန်စျေးနှုန်းစီးပွားရေးကိုဟောပြောခြင်း
- ရှိပြီး မရှားအောင် အရင်းအနှီးတည်ဆောက်ဖို့နဲ့ ကုန်ထုတ်စွမ်းအားရှိရှိ ခွဲဝေမြှုပ်နှံဖို့ လိုပါမယ်
- စားပွဲအောက် လက်ဖက်ရည်ဖိုးနဲ့ စီးပွားဖွံ့ဖြိုးနှုန်း
- သတ္တိရှိရှိနဲ့ ခေါက်သင့်တာကို ခေါက်ထားလိုက်ပါ

မျက်နှာဖုံးဆောင်းပါး ရေမလို မီးမလို ထိ စီးပွားရေး

ဖြန့်ချိရေး - အမှတ်(၇၉/၉၀)၊ ၄-လွှာ၊ ပဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၁၀၃၄၅

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမက (၄၅)ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၅၀၀၀၀ လှူဒါန်းသော ဦးအောင်မျိုးဝင်း–ဒေါ်တင်မာဝင်း(ဉာဏ်မိုးအုတ်၊ သဲကျောက်) မိသားစုအား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါ်သီသီသန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ပညာရေး)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို နေပြည်တော်၌ ကျင်းပမည်

အသွင်သစ်ဖြင့် အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ကျင်းပနိုင်ရန် ကြိုတင်ဆောင်ရွက်နေ

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အဓိကဖြစ်

ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲဖို့လို

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်ဘီတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများစစ်ဆေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် မော်ဘီတပ်နယ်အတွင်းရှိ နယ်မြေခံ တပ်ရင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး၍ တပ်နယ်အလိုက် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ တိရစ္ဆာန်များ မွေးမြူဆောင်ရွက်ထားရှိမှု၊ စားသုံးသီးနှံများစိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း၊ အောင်မြင်ဖြစ်ထွန်းပြီး အသီးများ သီးပွင့်နေသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၊ ဧရာတ်ကောင်းပင်စိုက်ခင်းနှင့် ရော်ဘာပင်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် တပ်ရင်းမှူးများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တပ်ရင်း တပ်ဖွဲ့အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအားတွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် တပ်နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူသွားကြရေး၊ ရော်ဘာပင်၊ ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးရေးတို့ကို မှာကြားပြီး စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပျိုးခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မော်ဘီတပ်နယ်အတွင်းရှိတပ်ရင်း တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး